# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ သောကြာနေ့။ Friday, 17 November 2023 ၁၁၂၈၂


### လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပုံမှန်အတိုင်းဆောင်ရွက်လျက်ရှိ သတင်းမှားများဖြန့်ဝေသူများ ဖော်ထုတ်အရေးယူပြီး ပြစ်ဒဏ်များချမှတ်နိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိ

### မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတင်းထုတ်ပြန်ချက်

ယခုလတ်တလောကာလတွင် အများပြည်သူအကျိုးစီးပွားပျက်စီးစေရန် မသမာသူလူတစ်စုက လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းမှားများဖြန့်ဝေလျက်ရှိကြောင်း သိရှိရပါသည်။ အဆိုပါ လူမှုကွန်ရက်စာမျက်နှာများနှင့် အင်တာနက် Website များတွင် ဖြန့်ဝေနေသော ဘဏ်များရှိ အပ်ငွေစာရင်းများမှ ငွေသားထုတ်ယူခြင်းများကို ကန့်သတ်နေကြောင်း ထုတ်ပြန်ချက်များသည် မဟုတ်မမှန်သော သတင်းမှားများသာ ဖြစ်ကြပါသည်။ အလားတူ အချို့ပုဂ္ဂလိကဘဏ်များတွင် ဝန်ထမ်းများကို လစာများကြိုတင်ထုတ်ပေးကြောင်း သတင်းများသည်လည်း သတင်းမှားများဖြစ်ကြပါသည်။

ဘဏ်များရှိ အပ်ငွေစာရင်းများမှ ငွေသားထုတ်ယူခြင်းများကို ကန့်သတ်ချက်မရှိထုတ်ယူနိုင်ပြီး ဘဏ်များ၏ ဘဏ်ခွဲအသီးသီးတွင် Core Banking System စနစ်အရ အများပြည်သူ အပ်နှံငွေစာရင်းအချက်အလက်များကို အဆင်ပြေချောမွေ့စွာသိရှိနိုင်သဖြင့် နိုင်ငံတစ်ဝန်းရှိ မည်သည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


ယနေ့ ဖတ်စရာ

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၂၃ ခုနှစ်) ပြဋ္ဌာန်း
စာမျက်နှာ » ၃

ရန်ကုန်မြို့အပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီ အရောင်းဆိုင်များသို့ စက်သုံးဆီများ အချိန်မီ ပို့ဆောင်ဖြန့်ဖြူးလျက်ရှိ
စာမျက်နှာ » ၉

ကမ္ဘောဒီးယားနိုင်ငံ၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး မဟာဗျူဟာ စတင်အကောင်အထည်ဖော်ဆောင်ရွက်
စာမျက်နှာ » ၁၃




တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)နှင့် လိုက်ပါလာသည့် နယ်လှည့်အထူးကုဆေးအဖွဲ့ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ကျောက်ဖြူမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုများလုပ်ဆောင် ဒေသခံပြည်သူ ၈၂၇ ဦးကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေး

နေပြည်တော် နိုဝင်ဘာ ၁၆

ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

ကြေးမုံ

# တိုင်းပြည်ဖျက်ဆီးမှုမှန်သမျှ ဆန့်ကျင်ရှုတ်ချ

တပ်မတော်သည် တိုင်းပြည်အေးချမ်းသာယာဝပြောရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF တို့သည် တိုင်းပြည်အလုံးစုံပျက်စီးရေးကို ကြံစည်လုပ်ဆောင်နေကြသည်။ တိုင်းပြည်ပျက်စီးရေးကို လုပ်ဆောင်နေကြသည့် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူများအား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဆန့်ကျင်ရှုတ်ချနေကြသည်။

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးသည် ပြည်ထောင်စုကြီးအတွင်း၌ မရှိအတူ ရှိအတူ အေးအတူ ပူအမျှစိတ်ထားဖြင့် အေးချမ်းစွာအသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်စားသောက်နေထိုင်လိုကြသည်။ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းပြီး အေးချမ်းသာယာဝပြောသောဘဝများကို လိုလားကြသည်။ မျက်မှောက်ကာလတွင် အဆိုပါအကြမ်းဖက်အဖျက်သမားသောင်းကျန်းသူများသည် ပြည်သူများ၏ အေးချမ်းစွာနေထိုင်လိုသောဘဝများကို ယုတ်မာပက်စက်စွာဖျက်ဆီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ရှမ်းပြည်နယ်အရှေ့မြောက်ဘက်ဒေသအချို့တွင် လက်နက်ကိုင်သောင်းကျန်းသူများက အများပြည်သူ အေးချမ်းစွာနေထိုင်မှုများကို ဖျက်ဆီးခဲ့ကြပြီး မြန်မာနိုင်ငံအနောက်မြောက်ဘက်တွင်လည်း သောင်းကျန်းသူများ၏ တိုက်ခိုက်ဖျက်ဆီးမှုများရှိလာသောကြောင့် တပ်မတော်က ရွပ်ရွပ်ချွံချွံ ခုခံကာကွယ်ပြန်လည်တိုက်ခိုက်လျက်ရှိသည်။ ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်သော စာသင်ကျောင်းများ၊ လမ်းပန်းဆက်သွယ်ရေးအခြေခံအဆောက်အအုံများကိုပါ ဖျက်ဆီးလျက်ရှိသည်။ မကြာသေးမီက လွိုင်ကော်တက္ကသိုလ်ကို ဝင်ရောက်စီးနင်းပြီး ဆရာ ဆရာမများနှင့် ဝန်ထမ်းများကို ဓားစာခံအဖြစ် ဖမ်းဆီးသွားခဲ့သည်။

နိုင်ငံတော်အစိုးရက အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့စေရေးအတွက် တည်ဆောက်ပေးထားသော ရထားလမ်းနှင့်အခြေခံအဆောက်အအုံများကို ဖျက်ဆီးလျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ယနေ့အချိန်အထိ မိုင်းထောင်ဖောက်ခွဲခြင်း ၁၂၈ ကြိမ်၊ ရထားလမ်းတံတားများ မိုင်းခွဲဖျက်ဆီးခြင်း ၄၆ ကြိမ်၊ ဘူတာနှင့် ဝန်ထမ်းအိမ်ရာဖျက်ဆီးခြင်း ၁၂ ကြိမ်ကျူးလွန်ခဲ့ကြသည်။ အကြမ်းဖက်သမားများသည် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့်တွဲများ၊ ခရီးသည်နှင့် ကုန်စည်များထိခိုက်ပျက်စီးစေရေး၊ အသက်အန္တရာယ်ထိခိုက်စေပြီး စိတ်မချမ်းမြေ့စေရေး၊ ရထားဖြင့် ခရီးသွားလာမှုမပြုလုပ်စေရေး၊ ရထားလမ်းကွန်ရက် တည်ဆောက်မှုစီမံကိန်းများ အချိန်ပိုမိုကြန့်ကြာမှုဖြစ်စေရေးတို့ကို ခြိမ်းခြောက်နှောင့်ယှက်ပြုလုပ်လျက်ရှိသည်။

သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်သော အပြစ်မဲ့ပြည်သူများအား ဖမ်းဆီး၊ သတ်ဖြတ်၊ ပြန်ပေးဆွဲ၊ လုယက်မှုများအပြင် ပြည်သူများအသုံးပြုရန် တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်းများ ပြုလုပ်နေသည့် ယုတ်မာပက်စက်သောအကြမ်းဖက်အဖျက်သမားများသာ ဖြစ်သည်။ ထိုသို့ အများပြည်သူကို ယုတ်မာပက်စက်စွာ လုပ်ဆောင်နေကြသဖြင့် ၎င်းတို့၏ရည်မှန်းချက် မည်သည့်အခါမျှ မအောင်မြင်ဘဲ နောက်ဆုံးတွင် ပျက်စီးခြင်းသာရောက်ရမည်သာဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးကာလက ဤသို့ပင် အကြမ်းဖက်အဖျက်လုပ်ရပ်များကို လုပ်ကိုင်ခဲ့ကြရာ တပ်မတော်နှင့် ပြည်သူလူထုက လက်တွဲပူးပေါင်းတိုက်ဖျက်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

အဆိုပါ အဖျက်သမားသောင်းကျန်းသူများကို အသက်ကိုပဓာနမထားဘဲ ရွပ်ရွပ်ချွံချွံ တွန်းလှန်တိုက်ခိုက်ရှင်းလင်းလျက်ရှိသည့် တပ်မတော်သားများအား ပြည်သူလူထုတစ်ရပ်လုံးက အားပေးထောက်ခံကူညီဆောင်ရွက်ပေးနေကြသည်။ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနေသော တပ်မတော်သားများအား ဆုတောင်းမေတ္တာပို့သပေးလျက်ရှိသည်။ တိုင်းပြည်ရန်စွယ်အန္တရာယ်ဟူသမျှကို ကာကွယ်တားဆီးပေးနေသော တပ်မတော်၏ တရားသောစစ်သည် မလွဲမသွေအောင်မြင်မည်သာဖြစ်သည်။

တိုင်းရင်းသားပြည်သူများအားလုံး၏ဆန္ဒမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ အေးချမ်းစွာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ဆောင်ရွက်နေထိုင်နိုင်ရေးဖြစ်ရာ ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏ဘဝကို ယခုကဲ့သို့ ပျက်စီးအောင်ဖျက်ဆီးနေသော အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူများကို တပ်မတော်နှင့်အတူ ပြည်သူများက တညီတညွတ်တည်းလက်တွဲဆန့်ကျင်ကြရမည်ဖြစ်သည်။ ထိုသို့တိုင်းပြည်ပျက်စီးအောင် အလုံးစုံဖျက်ဆီးနေသောအဖျက်လုပ်ရပ်များကို အားပေးအားမြှောက်ပြုလုပ်နေပြီး ပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင်၊ စိုးရိမ်ပူပန်မှုပိုမိုမြင့်မားလာအောင် မီးလောင်ရာလေပင့်ပေးနေသည့် အမျိုးသားသစ္စာဖောက် ပြည်ဖျက်မီဒီယာများ၏ မမှန်သတင်းများကို နားမယောင်ဘဲ ပြည်သူအချင်းချင်း စည်းလုံးညီညွတ်စွာ လက်တွဲဝန်းရံထားကြရမည်ဖြစ်ပါကြောင်း။ ။

## အီလက်ထရောနစ်နည်းပညာကိုအသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတွင် E-Book ထုတ်ဝေစာများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေတွင် ထုတ်ဝေစာဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့် အခြားနည်းပညာတစ်ရပ်ရပ်ဖြင့် ဖန်တီး၍ ထုတ်ဝေလိုက်သည့်စာတို့အပြင် ယင်းတို့နှင့် အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကိုဆိုသည်ဟု လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၅ တွင် မည်သူမျှ သက်ဆိုင်ရာလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရဟု လည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

၂။ ယခုအခါ အီလက်ထရောနစ်နည်းပညာကိုအသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတည်ထောင်၍ E-Book ထုတ်ဝေစာများအား ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကို တွေ့ရှိရပြီး ၎င်း E-Book ထုတ်ဝေစာများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပါ ထုတ်ဝေစာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်ပါသဖြင့် သက်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်၍ Digital Platform အသုံးပြုကာ Application နှင့် Website များ တည်ထောင်၍ E-Book များ ထုတ်ဝေဖြန့်ချိ ဆောင်ရွက်နေသူများ အနေဖြင့် ဥပဒေပုဒ်မ ၁၅ နှင့်အညီ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ရယူဆောင်ရွက်ရန်၊ မိမိတို့၏ထုတ်ဝေစာများသည် ပုဒ်မ ၈ ပါ စည်းကမ်းချက်များနှင့်အညီ ရေးသားထုတ်ဝေဆောင်ရွက်ရန်နှင့် နည်းဥပဒေ ၁၅(ခ) နှင့်အညီ E-Book Soft Copy (၅)အုပ်/ (၅)စောင်ကို မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးအပ်ရန်လိုအပ်ပါကြောင်းနှင့် လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပုသိမ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ထုတ်ပေးလျက်ရှိ

ပုသိမ် နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ အသက် ၁၆ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို အမှတ်(၃) ရပ်ကွက် သာသနာ့ဗိမာန်တော်တွင် ဆောင်ရွက်ပေးလျက်ရှိသည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုသိမ်မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက် (၂) အဖြစ် ပုသိမ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများအား ကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ ပုသိမ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၇၀၆ | ၆,၀၇၁,၆၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၅၂၆ | ၁,၅၂၅,၄၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၁၇၂ | ၁,၂၉၀,၀၀၀ |
| FPB | ၁,၆၅၀ | ၁,၆၀၀ | ၁,၅၀၁ | ၂,၃၂၇,၁၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၂ | ၄,၈၀၀ |
| EFR | ၂,၀၀၀ | ၁,၉၅၀ | ၆၁၈ | ၁,၂၀၇,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀ | ၄၉,၀၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၈၉၄ | ၁,၅၂၀,၀၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၃ ခုနှစ်) ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၃ ခုနှစ်)**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅၆ / ၂၀၂၃)**

**၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်**

**(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၃ ခုနှစ်)ဟု ခေါ်တွင်စေရမည်။

၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ထ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ထ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေပါ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ အကြောင်းအရာအချက်အလက်များကို ကြီးကြပ်စောင့်ကြည့် စီမံဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပေးသည့် ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်ကိုးဦးထက် မပိုသော ရုပ်မြင်သံကြားနှင့်အသံလွှင့်ကောင်စီကို ဆိုသည်။ "

၃။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၇ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသူကို ကောင်စီဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းရမည်-"

၄။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၈ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ အောက်ပါပုဂ္ဂိုလ်များကို ကောင်စီဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းခြင်း မပြုရ-"

၅။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့်ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၆။ ဤဥပဒေ အာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ အခန်း(၄)တွင် ပါရှိသော ပုဒ်မ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃ နှင့် အခန်း(၅) တို့ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❖ **ရှေ့ဖုံးမှ**

ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူနိုင်ပါသည်။ ထို့ပြင် ဒစ်ဂျစ်တယ်နည်းလမ်းဖြင့်လည်း ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ၊ ပေးချေမှုများကို လွယ်ကူစွာဆောင်ရွက်နိုင်ပြီး ဘဏ်များတွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်များ၏ Customer များကလည်း ပုံမှန် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ဘဏ်များထံမှ ရယူဆောင်ရွက်လျက်ရှိကြပါသည်။

ဤကဲ့သို့ အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေရန် သတင်းမှားများဖြန့်ဝေသူများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်ဟန့်တားသော ပြစ်ဒဏ်များ ချမှတ်နိုင်ရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

(၁၆-၁၁-၂၀၂၃)

## (၃၁)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၃၁)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းသည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ အဆိုပါအဖွဲ့အား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ လိုက်ပါသွားကြသည်။

(၃၁)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ကာဘိုင်အသင်း၊ ရိုင်ဖယ်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတို အမျိုးသားအသင်းနှင့် ပစ္စတိုအမျိုးသမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၉)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

(၁၉)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နိုဝင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟာလောင်းမြို့တွင် ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာတာဝန်ခံများ တက်ရောက်ခဲ့သည်။

အစည်းအဝေးကို "Responsive Social Protection in the Changing World" ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဗီယက်နမ်နိုင်ငံ အလုပ်သမားနှင့် လူမှုရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြား၍ အစည်းအဝေးအား စတင်ဖွင့်လှစ်သည်။

နိုဝင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဆိုင်ရာ အစည်းအဝေးတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလနှင့် ကပ်ရောဂါအလွန်ကာလများတွင် အာဆီယံနိုင်ငံအသီးသီး၌ ထိခိုက်လွယ်အုပ်စုများဖြစ်သည့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအပေါ် လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုပံ့ပိုးမှုအခြေအနေများ၊ တိုးတက်ပြောင်းလဲလာသော အခြေအနေများနှင့်အညီ ဆောင်ရွက်ပေးရမည့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် လူမှုဝန်ထမ်းသမား(Social Worker)များအနေဖြင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များအား အာဆီယံနိုင်ငံအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ UN အဖွဲ့အစည်းများ၊ INGOs များနှင့် NGOs များ၏ ကိုယ်စားလှယ်များက Panel Discussants များအဖြစ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Panel Discussant အနေဖြင့် မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်အဖြစ် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များ ထောက်ပံ့ရေးအစီအစဉ်နှင့် အသက် ၈၅ နှစ်အထက် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်အစီအစဉ်တို့အား ၂၀၁၇ ခုနှစ်က စတင်၍ ထောက်ပံ့ခဲ့ရာ လက်ရှိကာလအထိ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အကျိုးခံစားခွင့်ရှိသူများအား စနစ်တကျ စာရင်းသွင်း ဆောင်ရွက်နိုင်ရေးအတွက် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ်(Social Management Information System-SMIS)ကို ဝန်ကြီးဌာနများ ပူးပေါင်း၍ ၂၀၂၂ ခုနှစ်တွင် Software ရေးဆွဲခဲ့ရာ ၂၀၂၃ ခုနှစ် မေ ၁၈ ရက်တွင် စတင်အသုံးပြုနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ SMIS စနစ်တွင် လူမှုဖြစ်ရပ် စီမံခန့်ခွဲမှုသတင်းစနစ်၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများအတွက် သတင်းစနစ်၊ အသက် ၈၅ နှစ်အထက် သက်ကြီးရွယ်အိုများအတွက် သတင်းစနစ်နှင့် မသန်စွမ်းသူများအတွက် သတင်းစနစ် စသည့် ကဏ္ဍခွဲများပါရှိပြီး အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း ၇၇၆၆၉၈ ဦးကို စာရင်းသွင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅)တွင် ပါဝင်သော "ကျေးလက်ဒေသတွင် နေထိုင်သော သက်ကြီးရွယ်အိုများ၏ ဝင်ငွေရရှိမှုအပေါ် ကိုဗစ်-၁၉ ရောဂါ၏ အကျိုးသက်ရောက်မှုဆိုင်ရာ သုတေသန"ကို မြန်မာနိုင်ငံက ဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် Social Worker များနှင့် Voluntary Social Worker များမွေးထုတ်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးခဲ့သည်။

(၁၉)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နိုဝင်ဘာ ၁၅ ရက်တွင် ကျင်းပခဲ့ပြီး (၁၈)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံ+၃ နိုင်ငံများ အစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ကျင်းပနိုင်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ကျင်းပနိုင်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၆**

လူငယ်များ၏ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို ရည်ရွယ်ပြီး (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူငယ်နှင့်စာပေ အနုပညာပွဲတော်ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်ကျင်းပနိုင်ရေး အကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးရဲတင့်၊ ဒေါ်နုမြဇံ၊ ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအတွက် လေ့လာစရာပွဲတော်တစ်ခုဖြစ်အောင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပွဲတော်မှပြန်သွားပါက ပျော်ရွှင်မှုနှင့်အတူ နိုင်ငံအတွက် တန်ဖိုးရှိမည့် အတွေးတစ်စ သို့မဟုတ် အသိအမြင်တစ်ခုခု တိုးပွားအောင် လေ့လာစရာ အစီအစဉ်များကို စိတ်ဝင်စားဖွယ် စီမံဆောင်ရွက်သွားစေလိုပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် လူငယ်ကဏ္ဍကို အလေးထားပြီး ယခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ တက္ကသိုလ်အဆင့် ကျောင်းသားကျောင်းသူများ လေ့လာနိုင်သည့် ပြခန်း၊ ပြကွက်များ ပါဝင်အောင် ဆောင်ရွက်သွားရန် ဖြစ်ပြီး ဖျော်ဖြေမှု Entertainment နှင့်အတူ စိတ်ဝင်စားဖွယ်အစီအစဉ်များကို ဖန်တီးဖော်ဆောင်ကြစေလိုပါကြောင်း၊ ပွဲတော်ကို သုံးရက်ကြာကျင်းပရန် လျာထားပြီး ဝန်ကြီးဌာန ၁၃ခု ပါဝင်ခင်းကျင်းပြသမည်ဖြစ်ကာ တိုင်းရင်းသားရိုးရာအစားအစာများ ခင်းကျင်းရောင်းချသည့် အစီအစဉ်လည်း ထည့်သွင်းသွားမည် ဖြစ်ပါကြောင်း၊ ယခင် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် လူငယ်နှင့် စာပေပွဲတော်များ ကျင်းပခဲ့သည့် အတွေ့အကြုံများ ရှိပြီးဖြစ်၍ ယခုနှစ် ကျင်းပမည့် တတိယအကြိမ် ပွဲတော်တွင် ယခင်နှစ်များကထက် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းသည့် ပြခန်း၊ ပြကွက်များကို ခင်းကျင်းပြသစေလိုပါကြောင်း ပြောကြားသည်။

**အနှစ်သာရပြည့်ဝသော ပွဲတော်တစ်ခုဖြစ်အောင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူငယ်များ၏ အတွေးအခေါ် အယူအဆမှန်ကန်အောင်၊ အရည်အသွေး၊ အရည်အချင်းပြည့်ဝအောင် လူငယ်ကဏ္ဍနှင့်ဆက်စပ်၍ ဆောင်ရွက်မှုများတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်နှစ်ကြိမ်ကျင်းပခဲ့သကဲ့သို့ ယခုနှစ် လူငယ်နှင့် စာပေပွဲတော်ကိုလည်း ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ပါက ခမ်းခမ်းနားနား၊ အောင်အောင်မြင်မြင် ကျင်းပနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ လူငယ်များအတွက် ကြိုးစားဆောင်ရွက်နေခြင်းဖြစ်၍ အနှစ်သာရပြည့်ဝသော ပွဲတော်တစ်ခုဖြစ်အောင် မိမိတို့အနေဖြင့် လိုအပ်သည်များကို အစွမ်းကုန် ပေါင်းစပ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ပြခန်းများ ခင်းကျင်းပြသရန် ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးတို့က လူငယ်နှင့်စာပေ အနုပညာပွဲတော်တွင် ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေး ပေါင်းစပ်ဆောင်ရွက် သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် တက်ရောက်လာကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များက ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးရဲတင့်က ဖြည့်စွက်ဆွေးနွေးသည်။

**အမှာစကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို လူငယ်များ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေးအတွက် စာအုပ်စာစောင်များကို တန်ဖိုးထားဖတ်ရှုလိုစိတ်ဖြစ်ပေါ်လာစေရန်နှင့် လူငယ်များ စာပေနှင့် ရင်းနှီးပြီး စာပေ၏ အကျိုးကျေးဇူးကို သိရှိနိုင်စေရန်၊ စာပေနှင့်အနုပညာမှ တစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေပြီး လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကြောင်းများ၊ ကိုလိုနီ လက်အောက်ခံဘဝတွင် တွေ့ကြုံခံစားရမှုများကို သိမြင်စေကာ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို လေးစား တန်ဖိုးထားတတ်စေရန်၊ ဓာတ်ပုံအနုပညာပြပွဲမှ တစ်ဆင့် မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ချစ်စဖွယ်ကျေးလက်ဒေသ အလှအပများကို သိရှိခံစားပြီး မိမိတို့၏ တိုင်းဒေသကြီး/ ပြည်နယ်များအပေါ် မြတ်နိုးတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်၊ ပြခန်းများ ခင်းကျင်းပြသမှုများမှတစ်ဆင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အလွယ်တကူသိမြင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အိမ်ခြံမြေများ လွှဲပြောင်းရောင်းချမှုအပေါ် အခွန်ပြည့်ဝစွာကောက်ခံရရှိရေး စိစစ်ကြပ်မတ်ရန်ကိစ္စနှင့်ပတ်သက်သည့် ညွှန်ကြားချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော်အတွင်း အိမ်ခြံမြေများ လွှဲပြောင်းရောင်းချမှုအပေါ် အခွန်ပြည့်ဝစွာ ကောက်ခံရရှိရေး စိစစ်ကြပ်မတ်ရန်ကိစ္စနှင့် ပတ်သက်သည့် ညွှန်ကြားချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ပုဗ္ဗသီရိမြို့နယ် ပျဉ်းမနားခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဒုတိယဦးစီးမှူးများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်စုံစမ်းစစ်ဆေးရေးမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။



အလုပ်ရုံ ဆွေးနွေးပွဲတွင် အိမ်ခြံမြေများ လွှဲပြောင်းရောင်းချခြင်းမှ အခွန်လွတ်ကင်းမှု မရှိစေရေးနှင့် နိုင်ငံတော်အတွက် ရသင့်သည့် အခွန်များပြည့်ဝစွာ ကောက်ခံရရှိစေရေး စိစစ်ကြပ်မတ်နိုင်ရေး ဆိုင်ရာများ၊ လက်တွေ့နယ်ပယ်တွင် လုပ်ငန်းများ ဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေရေးအတွက် ကိုယ်စားလှယ်လွှဲအပ်စာများ အပေါ်တွင် ဂရုပြုဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# လျှပ်စစ်သုံးယာဉ်များနှင့် လျှပ်စစ်သုံးဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD D1 အမျိုးအစား လျှပ်စစ်သုံးယာဉ်များနှင့် NCX Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Wuyaung Honda အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် မိုးစပါးစံကွက် ရိတ်သိမ်းပွဲ တက်ရောက် လယ်ဝေးမြို့နယ်အတွင်းရှိ ဝေဖြိုးဆန်စက် လည်ပတ်နေမှု သွားရောက်ကြည့်ရှု



နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် မိုးစပါးစံကွက် ရိတ်သိမ်းပွဲ လှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းတွင် ဘဲကုန်းကျေးရွာအနီး ပင်လောင်းလမ်းဘေး ကွင်းအမှတ် (၁၆၂၃-က)ရှိ တောင်သူဦးဌေးအောင်၏ မိုးစပါးစိုက်ခင်းအနီး ယာယီရှင်းလင်းဆောင်၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် တောင်သူများအနေဖြင့် တစ်နှစ်ပတ်လုံး မြေလွတ်၊ မြေလပ်မကျန် စိုက်ပျိုးနိုင်ရေး အထူးအလေးထား စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် ဆီထွက်သီးနှံ ဆောင်းမြေပဲ၊ ဆောင်းနှမ်း၊ ဆောင်းနေကြာ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းကိုလည်း ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် တက်ရောက်လာသည့် တောင်သူများအနေဖြင့် ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း၊ နေပြည်တော်တွင် ဆောင်းရာသီအပါအဝင် နွေရာသီတွင်လည်း စားသုံးဆီဖူလုံရေးကို အထောက်အပံ့ ဖြစ်စေနိုင်သည့် ဆီထွက်သီးနှံနေကြာ၊ နှမ်းသီးနှံများ၊ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် အစေ့ထုတ်ပြောင်းသီးနှံများကို ရေနှင့်အစိုဓာတ်ရရှိနိုင်သည့် နေရာများတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေးကို အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်မှသာ ပြည်တွင်းစားသုံးဆီဖူလုံပြီး ပြည်ပမှ စားသုံးဆီတင်သွင်းရေးကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်၌ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေးတို့အတွက် ဌာနဆိုင်ရာများနှင့် တောင်သူများ ပူးပေါင်းပြီး အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီ အတွင်းရေးမှူးတို့က ပင်လောင်း လမ်းဘေးဝဲ/ယာရှိ ဆောင်းသီးနှံပြောင်းနှင့် နေကြာစိုက်တောင်သူများအား အထွက်နှုန်းကောင်းသည့် ပြောင်းနှင့် နေကြာမျိုးစေ့များကို ထောက်ပံ့ပေးအပ်ရာ တောင်သူများက လက်ခံရယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဘဲကုန်းကျေးရွာ ပင်လောင်းလမ်းဘေး ကွင်းအမှတ် (၁၆၂၃-က)ရှိ တောင်သူဦးဌေးအောင်၏ မိုးစပါးစံကွက် ရိတ်သိမ်းခြင်းကို ကြည့်ရှုအားပေးရာ တစ်ဧကအထွက်နှုန်း တင်း ၁၆၀ ထွက်ရှိကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လယ်ဝေးမြို့ အမှတ်(၁) ရပ်ကွက်အတွင်းရှိ ဝေဖြိုးဆန်စက်သို့ ရောက်ရှိပြီး တောင်သူများနှင့် တွေ့ဆုံရာ တောင်သူများက လိုအပ်ချက်များကို တင်ပြကြကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများ၏ တင်ပြချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဝေဖြိုးဆန်စက်အတွင်း တစ်ရက် တင်း ၁၅၀၀ စပါး အခြောက်ခံမှုလုပ်ငန်းနှင့် တစ်ရက် တန် ၃၀ ကျ ဆန်စက်လည်ပတ်ကြိတ်ခွဲနေမှုကို ကြည့်ရှုပြီး ဆန်အရည်အသွေးမြင့်မားရေး၊ နိုင်ငံတကာဆန်ဈေးကွက်တွင် အဆင့်အတန်းမီစေရေးနှင့် ဆန်စက်စွမ်းအားပြည့် လည်ပတ်နိုင်စေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မအူပင်မြို့နယ်၌ ဆောင်းသီးနှံအာမခံ တောင်သူအသိပညာပေး ဟောပြော



မအူပင် နိုဝင်ဘာ ၁၆

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ဆောင်းသီးနှံ အာမခံ တောင်သူအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်ညိုမာမြင့်က စိုက်ပျိုးစရိတ်ထုတ်ချေးငွေဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ ဒုတိယတာဝန်ခံ ဒေါ်သန်းသန်းအေးက အာမခံလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းဟောပြော ဆွေးနွေးရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဖြေကြားကြသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူ ၁၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




# ဟင်္သာတမြို့နယ်၌ မိုးစပါးစိုက်ပျိုးတောင်သူများ စပါးပြန်လည်ပေးအပ်ပွဲနှင့် တောင်သူများထံသို့ အာမခံပေါ်လစီ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

ဟင်္သာတ နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ကုန်းကြီး ကျေးရွာအုပ်စု အရှေ့တံခွန်တိုင်ကျေးရွာ နတ်မော်လမ်းရှိ ဟင်္သာတမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးသီးနှံစိုက်ပျိုးတောင်သူများက စပါးပြန်လည်ပေးအပ်ပွဲနှင့် တောင်သူများထံသို့ အာမခံပေါ်လစီလက်ဆောင်ပေးအပ်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသော်ဇင်မောင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးသီးနှံစိုက်ပျိုးတောင်သူများမှ စပါးပြန်လည်ပေးအပ်ပွဲ ပြုလုပ်ရခြင်းကို ရှင်းလင်းတင်ပြသည်။ထို့နောက် တက်ရောက်လာကြသော သီးနှံအာမခံကုမ္ပဏီများက မိမိတို့ဆောင်ရွက်လျက်ရှိသော သီးနှံအာမခံလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်အောင်၌ သီးနှံအာမခံလုပ်ငန်း ဆောင်ရွက်ရန် အသိပညာပေးရှင်းလင်းပွဲ ကျင်းပ

မြန်အောင် နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလုပ်ငန်းဆောင်ရွက်ရန် အသိပညာပေး



ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းက ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံထားရှိခြင်းဖြင့် တောင်သူများ ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ပြောကြားသည်။ ဆက်လက်၍ မြန်အောင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မြန်အောင်ဘဏ်ခွဲ) မြို့နယ်မန်နေဂျာ ဒေါ်သင်းသင်းအောင်နှင့် မြန်မာ့အာမခံလုပ်ငန်း ဟင်္သာတခရိုင်ရုံးမှ ဒုခရိုင်တာဝန်ခံ ဦးဌေးမြင့်တို့က ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံသည် သတ်မှတ်မိုးရေချိန်စံညွှန်းထက် ကျော်လွန်သောမိုးရွာသွန်းခြင်းအတွက် လျော်ကြေးအကျိုးခံစားခွင့်ရရှိမည့် အာမခံအမျိုးအစားဖြစ်ပြီး လျော်ကြေးခံစားခွင့်၊ အာမခံထားရှိနိုင်သည့်ပမာဏ၊ ပရီမီယံနှုန်းများကို ရှင်းလင်းပြောကြားကာ အခမ်းအနားသို့တက်ရောက်လာသည့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ တောင်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ သင်ထောက်ကူမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အသိပညာပေးဆွေးနွေး

ဒဂုံတောင် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနက သင်ထောက်ကူမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ရွာသာကြီး အကြီးစားစက်မှုဇုန် Myanmar Dongtai နှင့် Dagon Talent အထည်ချုပ်စက်ရုံတို့၌ ပြုလုပ်ကြောင်း သိရသည်။

အသိပညာပေးဆွေးနွေးပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရအောင်နှင့် သဃ်န်းကျွန်းခရိုင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မမလေးတို့က အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အတွင်းပူ အပြင်ပူ

သိန်းထွန်း (IR)

မိုးကုန်တာနဲ့ ဆောင်းအငွေ့အသက်တွေကိုတွေ့ထိလာရပြီ။ မနက်အစောပိုင်း အေးစိမ့်စိမ့်အရသာလေး ထိတွေ့လိုက်ရင် စိတ်ကိုလန်းသွားတာပဲ။ မြောက်ပြန်လေဝင်လာတော့ အအေးဓာတ်လေးလည်းပါလာတယ်။ နေ့ခင်းတော့ မအေးသေးပါဘူး။ မနက်ပိုင်းနဲ့ ညပိုင်းလောက်ပဲ အေးသေးတယ်။

အအေးဓာတ်လေးဝင်လာရင် အပူဒဏ်လျော့ကောင်းပါရဲ့လို့ မျှော်နေရတာ။ မိုးအကုန်၊ ဆောင်းအကူးဆိုပေမယ့် နေကပူလိုက်တာ။ မိုးလေးရွာတုန်းကတော့ ဒီလောက်ပူတယ်လို့ မခံစားရဘူး။ ညပိုင်းမှာ မိုးရွာထားရင် နေ့ခင်းအထိ အအေးဓာတ်လေးရနေတော့ အပူဒဏ်က သိပ်မသိသာဘူး။ အခုဆို မိုးကုန်သလောက်ရှိပြီ။ မိုးအကုန် ဆောင်းအကူးမှာတင်ပဲ အပူဒဏ်က လက်စွမ်းပြနေလိုက်တာ။ ဒါတောင် နွေမရောက်သေးဘူး။ နွေရောက်ရင် ဘယ်လောက်ပူလိုက်မလဲ စဉ်းစားမရဘူး။ အပူဒဏ်က တစ်နှစ်ထက်တစ်နှစ် တိုးလာလိုက်တာ လျော့သွားတယ်လို့ကို မတွေ့မိသေးဘူး။ ကိုယ့်ဆီမှာ ပိုပူလာလို့သာ ပြောရတာ အေးတဲ့နေရာတွေမှာကျပြန်တော့ အအေးလွန်ကဲနေလို့တဲ့။ ရာသီဥတုတွေ ဖောက်ပြန်နေလိုက်တာ။

**၂၀၂၃ ခုနှစ်ဟာ ပျမ်းမျှအပူချိန် အမြင့်ဆုံးဖြစ်**

ပြီးခဲ့တဲ့ရက်ပိုင်းက သတင်းတစ်ပုဒ်ဖတ်ရတယ်။ ရာသီဥတုဆိုင်ရာ အချက်အလက်တွေအရ ၂၀၂၃ ခုနှစ်ဟာ တစ်ကမ္ဘာလုံး ပျမ်းမျှအပူချိန် အမြင့်ဆုံးဖြစ်နေတယ်လို့ ဆိုပါတယ်။ ၂၀၂၃ ခုနှစ်က မကုန်သေးဘူး။ နိုဝင်ဘာလ လဝက်နဲ့ ဒီဇင်ဘာ ကျန်သေးတယ်။ နှစ်မကုန်သေးပေမယ့် လက်ရှိမှတ်တမ်းတွေအရ အပူဆုံးနှစ်ဖြစ်ဖို့ သေချာသလောက်ပဲတဲ့။ ကမ္ဘာ့အပူချိန်မြင့်တက်နေတာက တစ်နှစ်ထက်တစ်နှစ် စံချိန်ချိုးနေလိုက်တာ လျော့ကျမယ့်အခြေအနေ မရှိသေးဘူး။

အခု ၂၀၂၃ ခုနှစ်ကလည်း စံချိန်ချိုးမယ်ဆိုတဲ့သဘောပေါ့။ မှတ်တမ်းတွေအရ အပူချိန်စံချိန်ချိုးနေသလို လက်တွေ့ခံစားရတာလည်း စံချိန်တင်ရော။ အပူဒဏ်ခံနိုင်ပါတယ်ဆိုတဲ့ အညာသားတောင် ဒီအပူဒဏ်ကို ကျောကော့အောင်ခံနေရတယ်။ နေ့လယ်နေ့ခင်း အပြင်ထွက်လိုက်ရင် အပေါ်ပူ အောက်ပူနဲ့။ အထက်မီး အောက်မီး မုန့်လုပ်တဲ့အိုးထဲရောက်နေသလား မှတ်ရတယ်။ ထီးလေး၊ ဦးထုပ်လေးလို အဆောင်းတစ်ခုခုမှ မပါရင် အပြင်မထွက်ရဲဘူး။ ပူချက်က ကမ်းကုန်ရော။

အပြင်ထွက်လို့ နေပူတာကိုသာ ပြောရတာပါ။ အိမ်ထဲလည်း မထူးဘူးရယ်။ တရှိန်ရှိန်နဲ့။ နေစရာမရှိဘူး။ လေတိုက်တဲ့အချိန်ဆို အပူသက်သာတယ်။ ညဘက်လေမတိုက်ရင် အပူရှိန်တွေက အိမ်ထဲလှောင်နေရော။ ကျွန်တော်တို့ငယ်ငယ်က နွေညတွေမှာဆို မအိပ်နိုင်ဘူး။ ပူလို့ဆိုပြီး ခြင်ထောင်မပါဘဲနဲ့လည်း အိပ်လို့ကမရ။ ခြင်က ခွေးဆွဲသလိုပဲ ဝိုင်းဆွဲတာ။ အဲဒီတော့ ခြင်ထောင်ထဲမှာ ယပ်တောင်ခတ်ရင်း အိပ်ရတာပဲ။ ယပ်ခတ်လို့အေးသွားရင် အိပ်ပျော်သွားလိုက်၊ ပူလာရင် နိုးလာလိုက်နဲ့ ချွေးတဒီးဒီးကျရင်း တစ်ညကုန်ရတာ။ တစ်ခါတလေ ပူလွန်းလို့ အိပ်ခါနီးရင် ရေချိုးပြီး အိပ်တယ်။ ရေချိုးပြီးလို့ ခန္ဓာကိုယ်က အေးနေရင် အိပ်လို့ရသေးတယ်။ အသက်ငယ်သေးတဲ့အချိန်တုန်းကတော့ ညဘက်ရေချိုးအိပ်ရဲတယ်။ သိပ်ပြဿနာမရှိဘူး။ အသက်ကြီးလာတော့ အဲဒီလို မလုပ်ရဲတော့ဘူး။ အသက်ဉာဏ်စောင့်ပြီး နေနေရတယ်။ ကျွန်တော့်အဖေက အညာဘက်မှာ နေတွေအရမ်းပူတဲ့အချိန်တုန်းက heat stroke ဖြစ်ပြီးဆုံးသွားခဲ့တာ။ အညာဘက်မှာ နွေရောက်ရင် သက်ကြီးရွယ်အိုတွေအတွက် အန္တရာယ်များတယ်။ ဒါကြောင့် နေပူတဲ့အချိန်မှာ သက်ကြီးရွယ်အိုတွေနဲ့ ကျန်းမာရေးမကောင်းတဲ့ သူတွေက အနေအထိုင်၊ အသွားအလာနဲ့ အစားအသောက်ကအစ သတိထားရတယ်။ ဒီအပူချိန်ဒဏ်ကို အသက်ငယ်တဲ့သူတွေတောင် အံကြိတ်ခံနေရတာ၊ သူတို့ ဘယ်လိုလုပ်ခံနိုင်မလဲ။

> **ကမ္ဘာကြီးပူနွေးလာတာနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ ကြီးမားတဲ့အခက်အခဲဖြစ်နေတာတွေ့ရတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ဒီအတိုင်းကြီးဆက်သွားဖို့က မဖြစ်နိုင်ဘူး။ နောက်ပိုင်း ဒီထက်ပိုဆိုးလာရင်းနဲ့ ပြန်ပြင်လို့မရတဲ့အခြေအနေ ရောက်တော့မယ်။ အခုတောင် ကမ္ဘာ့အပူချိန်တွေ မြင့်မြင့်လာလို့ ပျောက်ကွယ်သွားတဲ့ သတ္တဝါမျိုးစိတ်တွေရှိနေပြီ။ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်တွေ ပျက်စီးနေပြီ။ အချို့ ပျက်စီးတာတွေနဲ့ ပျောက်ကွယ်သွားတာတွေက ဘယ်လိုမှ ပြန်မရနိုင်တော့ဘူး။ သဘာဝလောကကြီးက သက်ရှိတွေအချင်းချင်း၊ သက်ရှိနဲ့ သက်မဲ့တွေအကြား တစ်ခုနဲ့တစ်ခု ချိတ်ဆက်ပြီး ရှင်သန်ရပ်တည်နေကြတာ။ အဲဒီချိတ်ဆက်ထားတဲ့ ကွင်းဆက်တွေ ပြတ်သွားရင် လူသားတွေ ဘယ်လိုများရပ်တည်ကြမလဲ။ အခု ပြင်ဖို့အချိန်မီနေသေးတယ်**

အခုလို နေပူတာကိုတွေ့တော့ ဦးဘရွှေကို သတိရမိတယ်။ ဦးဘရွှေဆိုတာ ကျွန်တော်တို့အိမ်နဲ့ နှစ်အိမ်ကျော်မှာနေတဲ့သူပါ။ ကျွန်တော်တို့ ၁၀ နှစ်သားလောက်က ဦးဘရွှေရဲ့အသက်က ၅၀ ကျော်နေပြီ။ သူက လူပျိုကြီးပါ။ ဦးဘရွှေက သောက်ရေ (ရေချို) ထမ်းရောင်းပါတယ်။ အဲဒီအချိန်က သောက်ရေသန့်ဆိုတာ မရှိသေးဘူး။ သောက်ရေအတွက် ရေချိုထွက်တဲ့ ရေတွင်းကရေကို သုံးရတယ်။ ထမင်းချက်ဖို့အတွက်တော့ ရေချိုဖြစ်ဖြစ်၊ မြစ်ရေဖြစ်ဖြစ် သုံးကြပါတယ်။ မိုးရွာရင်တော့ မိုးရေခံထားပြီး သုံးတဲ့သူတွေလည်းရှိတယ်။ ကျွန်တော်တို့ အိမ်ရေတွင်းက နည်းနည်းငန်တော့ ရေချိုးဖို့နဲ့ ဆေးကြောဖို့ပဲ သုံးလို့ရတယ်။ သောက်ရေကို ဦးဘရွှေဆီကဖြစ်ဖြစ်၊ ရေစည်လှည်းကဖြစ်ဖြစ် ဝယ်သုံးရတယ်။ ဦးဘရွှေက သံပုံးနှစ်ပုံးကို ထမ်းပိုးနဲ့ထမ်းပြီး ရေမှာတဲ့အိမ်တွေကို လိုက်ပို့ပါတယ်။ သူက တစ်နေ့လုံး ရေချိုမထမ်းပါဘူး။ မနက်ပိုင်း တစ်ပိုင်းပဲပို့တယ်။ မနက် ၆ နာရီလောက်ကနေ ၁၀ နာရီ အထိလောက်ပဲ။ အဲဒါပြီးရင် ဦးဘရွှေ နားပါပြီ။ အဲဒီဦးဘရွှေမှာ အခြားထူးခြားချက်တွေ အများကြီးပဲ။

အဲဒီထူးခြားတွေထဲက တစ်ခုက ဦးဘရွှေဟာ အင်္ကျီဝတ်လေ့မရှိတာနဲ့ ဖိနပ်စီးလေ့မရှိတာပါပဲ။ ဦးဘရွှေဟာ စွပ်ကျယ်တောင် ဝတ်လေ့မရှိပါဘူး။ ကျောပြောင်ကြီးပဲ နေတယ်။ ဒါပေမဲ့ ဦးဘရွှေ အင်္ကျီဝတ်တဲ့အချိန်၊ ဖိနပ်စီးတဲ့အချိန်နဲ့ ဦးထုပ်ဆောင်းတဲ့အချိန်တွေ ရှိပါတယ်။ ဘုန်းကြီးကျောင်း သီလသွားယူရင် ဦးဘရွှေ အင်္ကျီဝတ်ပါတယ်။ ဖိနပ်စီးပါတယ်။ ဘုန်းကြီးကျောင်းသွားတာမဟုတ်ဘဲ ကျန်တဲ့အချိန်မှာ ဦးဘရွှေ အင်္ကျီဝတ်ပြီဆိုရင် သေချာတယ် ရာသီဥတု တော်တော်အေးလို့ပဲ။ နောက်ပြီး ဦးဘရွှေ ဖိနပ်စီးပြီး ဦးထုပ်ဆောင်းထားပြီဆိုရင် အဲဒီနေ့က ချစ်ချစ်တောက် နေပူလို့ပဲ။ ဖေဖေနဲ့ မေမေက ဦးဘရွှေ ဖိနပ်စီးပြီး ဦးထုပ်ဆောင်းထားတာတွေ့ရင် ဟဲ့ နေအရမ်းပူနေပြီ ဦးဘရွှေ ဖိနပ်စီးပြီး ဦးထုပ်ဆောင်းထားတာ တွေ့လားလို့ ကျွန်တော်တို့ကို ပြောပါတယ်။ အဲဒီ ဦးဘရွှေကြီး ဆုံးသွားတာကြာပါပြီ။ အခုနေ ဦးဘရွှေကြီး ရှိနေသေးတယ်ဆိုရင် သူ့ခမျာ ဦးထုပ်နဲ့ ဖိနပ်ကို ချွတ်ရမယ်ကို မထင်ဘူး။ ထီးတွေ ဘာတွေတောင် ဆောင်းချင်ဆောင်းနေဦးမှာ။

ကျွန်တော်တို့ကတော့ အပူဒဏ်ကာကွယ်နိုင်ဖို့ အရိုးတံရှည်နီးယပ်တောင်လေး တဖျပ်ဖျပ်နဲ့ နတ်ကတော်လိုလို ဘာလိုလို။ အဲဒီလောက်ပူတာက ကိုယ့်နေရာတစ်ခုတည်းတော့ မဟုတ်ဘူး။ နေရာအနှံ့ပဲ။ ပူတာလည်း မပြောနဲ့။ ပူအောင်လုပ်နေကြတာကိုး။ အပူချိန်မတက်ဖို့၊ ထိန်းသိမ်းဖို့ အော်တဲ့သူတွေမှာ အသံပြာအောင် အော်နေတဲ့ကြားက အပူချိန်တက်ရတဲ့ အကြောင်းရင်းတွေက လျော့မကျတဲ့အပြင် တိုးတောင်နေလိုက်သေး။ မှတ်ကရော။

**စံချိန်သစ်တင်**

၂၀၂၁ ခုနှစ်ကဆိုရင် ကမ္ဘာကြီးပူနွေးလာစေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနဲ့ နိုက်ထရိုက်အောက်ဆိုက် ထုတ်လွှတ်တာ စံချိန်သစ်တင်ခဲ့ပါတယ်တဲ့။ ကာဗွန်ဒိုင်အောက်ဆိုက်ဆိုရင် ၂၀၂၀ ပြည့်နှစ်ကနေ ၂၀၂၁ ခုနှစ်အတွင်း တိုးလာတဲ့ ပမာဏက ပြီးခဲ့တဲ့ ဆယ်စုနှစ်တွေအတွင်း နှစ်စဉ် ပျမ်းမျှတိုးတက်နှုန်းထက် ပိုများနေတယ်လို့ ကမ္ဘာ့မိုးလေဝသအဖွဲ့ကြီးက ထုတ်ပြန်ထားတာ တွေ့ရတယ်။ တိုးမှာပေါ့။ ကျောက်မီးသွေး၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့ သုံးနေတာတွေက လျော့မှမလျော့ဘဲကိုး။ အဲဒီကျောက်ဖြစ်ရုပ်ကြွင်းလောင်စာတွေ သုံးတဲ့အတွက် တစ်ကမ္ဘာလုံး ဖန်လုံအိမ်ဓာတ်ငွေ့ရဲ့ ၇၅ ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုက်တွေရဲ့ ၉၀ ရာခိုင်နှုန်းကို ထုတ်လွှတ်နေတယ်ဆိုပဲ။ အဲဒါတွေကပဲ ကမ္ဘာ့ရာသီဥတုကို ပြောင်းလဲအောင် လုပ်နေတယ်။

**သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်တွေ ပျက်စီး**

ခက်တာက အဲဒီရုပ်ကြွင်းလောင်စာတွေ မသုံးလို့လည်း မဖြစ်ပြန်ဘူး။ သူ့တို့ကို အစားထိုးမယ့် နည်းပညာတွေ တိုးတက်လာပေမယ့် အဲဒါတွေအကုန်လုံးကို အစားမထိုးနိုင်သေးဘူး။ အချို့နည်းပညာတွေက စရိတ်စကများနေတော့ နိုင်ငံတိုင်း လက်လှမ်းမမီနိုင်ဘူးဖြစ်နေတယ်။ အဲဒါ ဒီကွာဟချက်က ကမ္ဘာကြီးပူနွေးလာတာနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ ကြီးမားတဲ့ အခက်အခဲဖြစ်နေတာတွေ့ရတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ဒီအတိုင်းကြီးဆက်သွားဖို့က မဖြစ်နိုင်ဘူး။ နောက်ပိုင်း ဒီထက်ပိုဆိုးလာရင်းနဲ့ ပြန်ပြင်လို့မရတဲ့ အခြေအနေရောက်တော့မယ်။ အခုတောင် ကမ္ဘာ့အပူချိန်တွေ မြင့်မြင့်လာလို့ ပျောက်ကွယ်သွားတဲ့ သတ္တဝါမျိုးစိတ်တွေ ရှိနေပြီ။ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်တွေ ပျက်စီးနေပြီ။ အချို့ ပျက်စီးတာတွေနဲ့ ပျောက်ကွယ်သွားတာတွေက ဘယ်လိုမှ ပြန်မရနိုင်တော့ဘူး။ သဘာဝလောကကြီးက သက်ရှိတွေ အချင်းချင်း၊ သက်ရှိနဲ့သက်မဲ့တွေအကြား တစ်ခုနဲ့တစ်ခု ချိတ်ဆက်ပြီး ရှင်သန်ရပ်တည်နေကြတာ။ အဲဒီချိတ်ဆက်ထားတဲ့ ကွင်းဆက်တွေ ပြတ်သွားရင် လူသားတွေ ဘယ်လိုများ ရပ်တည်ကြမလဲ။ အခု ပြင်ဖို့အချိန်မီနေသေးတယ်။

နောက်ထပ် သတင်းတစ်ပုဒ်က ကမ္ဘာ့ရာသီဥတုမှာ အရေးကြီးတဲ့ ဝင်ရိုးစွန်းကရေခဲမြစ်တွေ အရည်ပျော်တာ အရေးကြီးအခြေအနေရောက်နေပြီဆိုပဲ။ အပူချိန်တွေ မြင့်လာလို့ဖြစ်လာတဲ့ နောက်ဆက်တွဲပြဿနာတွေက တစ်ခုပြီးတစ်ခု မီးခိုးကြွက်လျှောက်ပဲ။ အဲဒါကြောင့် ကမ္ဘာကြီးပူနွေးလာတာကို တားဆီးဖို့အတွက် ၂၀၅၀ မှာ ကာဗွန်ထုတ်လွှတ်တာကို သုညအထိလျှော့ချဖို့ ကမ်ပိန်းတွေ ကုလသမဂ္ဂက လုပ်နေတာ တွေ့ရပါတယ်။ အဲဒီကမ်ပိန်းမှာဆိုရင် ရုပ်ကြွင်းလောင်စာအသုံးပြုနေကြတာတွေကနေ ကာဗွန်ထုတ်လွှတ်တာ နည်းအောင်လုပ်ဖို့ အစီအစဉ်လည်းပါတယ်။ အဲဒါကလည်း လုပ်တော့လုပ်ပါရဲ့၊ လိုက်နာမှုနဲ့ ထိရောက်မှုက နှောင့်နှေးနေသေးတယ်လို့ သိရပါတယ်။ အချို့ကလည်း သူတို့အကျိုးစီးပွားနဲ့ အမြတ်အစွန်းကို ထိခိုက်မှာစိုးလို့ ထိထိရောက်ရောက် မလုပ်ကြတာလည်းရှိနေတုန်းပဲ။ အားလုံးဟန်ချက်ညီလိုက်နာဖို့ လိုနေသေးတဲ့သဘောပေါ့။

**ကာဗွန်ဒိုင်ဆောက်ဆိုက်တွေကို လျော့ကျအောင် အကျိုးပြု**

ကမ္ဘာကြီးပူနွေးလာစေတဲ့ အကြောင်းရင်းထဲမှာ သစ်တောတွေပျက်စီးတာနဲ့ တောမီးလောင်တာတွေလည်းပါတယ်။ နောက်ပြီး သစ်တော၊ သစ်ပင်တွေက ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူကြတဲ့အတွက် လူတွေရဲ့ အပြုအမူကြောင့် ထွက်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်တွေကို လျော့ကျအောင် တစ်ဖက်တစ်လမ်းက အကျိုးပြုနေပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ကို ပင်လယ်သမုဒ္ဒရာတွေ၊ မြေဆီလွှာတွေနဲ့ သစ်တောတွေက အဓိကစုပ်ယူတာကိုး။ သစ်ပင်တွေက လူသားတွေ အသက်ရှူနေတဲ့ အောက်ဆီဂျင်ကို ထုတ်ပေးပြီး ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူတာမို့ လူသားတွေအတွက် အရေးပါတဲ့ အစိတ်အပိုင်းတွေပါ။ သစ်တောတွေဟာ မြေပေါ်မှာရှိတဲ့ သတ္တဝါနဲ့ သစ်ပင်တွေ ၈၀ ရာခိုင်နှုန်းရဲ့ မှီခိုအားထားရာ နေအိမ်ကြီးတွေလည်း ဖြစ်တယ်။ လူသားတွေလည်း အသက်မွေးဝမ်းကျောင်းဖို့နဲ့ နေ့စဉ် စားဝတ်နေရေး လိုအပ်ချက်အတွက် သစ်တောတွေကို အားထားနေကြရတယ်။

သစ်ပင်တွေ အကျိုးပြုတာတော့ အခြားမကြည့်နဲ့။ ကိုယ့်ပတ်ဝန်းကျင်ကိုပဲ ကြည့်ကြည့်လိုက်။ သစ်ပင်ရှိတဲ့နေရာနဲ့ သစ်ပင်မရှိတဲ့နေရာ၊ ဘယ်လောက်များ ကွာသလဲလို့။ ကျွန်တော်တို့ ငယ်ငယ်က အဒေါ်ဖြစ်သူ ရွာကနေ မြို့တက်လာရင် ပြောရှာတယ်။ ငါ့တူရယ် မင်းတို့ဆီလာရတာ လူကို အရှင်လတ်လတ် ကျပ်တိုက်ထားသလိုပါလားကွယ်တဲ့လေ။ ပြောမှာပေါ့ ပူတာကိုး။ နေပူတာချင်းအတူတူ ရွာမှာက မန်ကျည်းပင်လို သစ်ကြီးဝါးကြီးတွေနဲ့ အေးနေတယ်။ ကျွန်တော်တို့ဆီမှာက သစ်ပင်ကြီးတွေ မရှိဘူးလေ။ လေတိုက်ရင်တောင် လေပူတွေဆိုတော့ ဘယ်နေနိုင်မလဲ။ နေပူတာချင်းအတူတူ သစ်ပင်ရှိတာနဲ့ မရှိတာ အဲဒီလိုကွာတာ။

နောက်ပြီး သစ်ပင်တစ်ပင်ဟာ တစ်နှစ်ကို ကာဗွန်ဒိုင်အောက်ဆိုက် ၁၅၀ ကီလိုဂရမ်အထိ စုပ်ယူထားနိုင်တယ်လို့ ဆိုတယ်။ ကမ္ဘာ့သစ်တောတွေက ကာဗွန် ၂၉၆ ဂစ်ဂါတန်လောက်ကို မြေပြင်အထက်နဲ့ မြေအောက်ဇီဝလောင်စာ အဖြစ်နဲ့ ထိန်းထားနိုင်ပါတယ်တဲ့။ သစ်ပင်တစ်ပင်နဲ့တစ်ပင်တော့ စုပ်ယူနိုင်တဲ့ ပမာဏမတူဘူးပေါ့။

စာမျက်နှာ ၇ သို့

# ပြည်ထောင်စုဝန်ကြီးဦးမြင့်နောင် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF)တာဝန်ရှိသူများနှင့် တွေ့ဆုံ





**နေပြည်တော် နိုဝင်ဘာ ၁၆**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်(MOEAF)မှ အမှုဆောင်အဖွဲ့ဝင်များနှင့် အလုပ်သမားဝန်ကြီး ဌာန စုပေါင်းအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အဆိုပါ အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးညွန့်ဝင်းနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF)မှ ဥက္ကဋ္ဌ ဦးဆောင်သော အမှုဆောင်အဖွဲ့ဝင်များနှင့် နိုင်ငံအလိုက်လုပ်ငန်း ကော်မတီ ခေါင်းဆောင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့ အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များကို ပုံမှန်အတိုင်း ခွင့်ပြုပေး နေသည့်အတွက် သက်ဆိုင်ရာ နိုင်ငံအလိုက် လုပ်ငန်းကော်မတီများက မှန်မှန်ကန်ကန်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအချင်းချင်း စည်းစည်းလုံးလုံး ဆောင်ရွက်ကြစေလို ကြောင်း၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လုပ်ငန်း ဆောင်ရွက်ရာ တွင် အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များအပေါ် အပြည့်အဝ တာဝန်ယူပြီး လုပ်ငန်းကို စိတ်ပါဝင်စား၍ ထိရောက်စွာ ဆောင်ရွက်ရန် တိုက်တွန်းအားပေးပါကြောင်း။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေ သည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၄၈၇ ခုနှင့် (ထိုင်း) လိုင်စင်ရ အေဂျင်စီ ၁၄၇ ခု ရှိကြောင်း၊ ပြည်ပအလုပ် အကိုင်အကျိုးဆောင်အေဂျင်စီများအနေဖြင့် မိမိတို့စေလွှတ်လိုက် သည့် အလုပ်သမားများ သက်ဆိုင်ရာနိုင်ငံရှိ လုပ်ငန်းခွင်များတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှု/ သေဆုံးမှုဖြစ်စဉ်များနှင့် စပ်လျဉ်းပြီး အလုပ်သမားရေးရာ ကိစ္စရပ်များ၊ ပြဿနာများ၊ ထူးခြားဖြစ်စဉ်များ တစ်စုံတစ်ရာပေါ်ပေါက်ပါက သက်ဆိုင်ရာဌာနများသို့သတင်းပို့၍အလုပ်သမားသံအရာရှိများနှင့်အတူ အချိန်နှင့်တစ်ပြေးညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း နှင့် မိမိတို့စေလွှတ်သည့် အလုပ်သမားများ စတင်ထွက်ခွာချိန်မှ မြန်မာ နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့် အချိန်အထိ တာဝန်အပြည့်အဝ ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင် များအဖွဲ့ချုပ် (MOEAF) မှ တာဝန်ရှိသူများနှင့် နိုင်ငံအလိုက် လုပ်ငန်း ကော်မတီခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ နှင့် အခက်အခဲများ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိ သူများက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများအနေဖြင့် ပြည်ပသို့ အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များအား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်သွားကြရန် အလုပ်ရှင်၊ အလုပ်သမားပြဿနာများကို အချိန်နှင့်တစ်ပြေးညီ ပြေလည်အောင်ဖြေရှင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့၌ ကျောင်းအခြေပြုသဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေး ပညာပေးအစီအစဉ် ဟောပြောခြင်းနှင့် လက်တွေ့ဆောင်ရွက်

**တပ်ကုန်း နိုဝင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ တပ်ကုန်း မြို့နယ် အနော်ရထာရပ်ကွက် (နောင်သခေါ်) အခြေခံပညာ အလယ်တန်းကျောင်းတွင် မြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင် ကျင်းပသည့် ကျောင်းအခြေပြု ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ် ကာကွယ် လျှော့ချရေး ပညာပေးအစီအစဉ် ဟောပြောခြင်းနှင့် လက်တွေ့ ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁နာရီက အဆိုပါ ကျောင်း၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော် က မီးလောင်မှုအခြေအနေများ၊ မီးငြိမ်းသတ် နည်းလမ်းများ၊ မီးသတ်ဆေးဘူး အသုံးပြုနည်း များနှင့် သဘာဝဘေးအန္တရာယ် ကြောင့်ဖြစ်တတ်သည့်အကြောင်း များ ဟောပြောခဲ့ပြီး ဦးစီး အရာရှိ၊ ဒုတိယဦးစီးမှူးနှင့်မီးငြိမ်း သတ်ကျွမ်းကျင်ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အား မီးသတ်ဆေးဘူး လက်တွေ့ ကိုင်တွယ်ပက်ဖျန်းခြင်း၊ မီးလောင် မှုအခြေခံသဘောနှင့်ယှဉ်၍ ဂိမ်း ကစားနည်းများ၊ သဘာဝဘေး အန္တရာယ်များမဖြစ်ပွားမီ၊ ဖြစ်ပွား နေစဉ်၊ ဖြစ်ပွားပြီးနောက် ဆောင် ရွက်ရမည့်နည်းလမ်းများ၊ အိမ်ရှိ ရေသန့်ဘူးများဖြင့် အရေးပေါ် အသက်ကယ်အင်္ကျီပြုလုပ်နည်း၊ အရိုးကျိုးဒဏ်ရာရရှိသူအား အိမ် တွင်ရှိသောပစ္စည်းများဖြင့် ရှေးဦး သူနာပြုစုနည်း၊ စောင်ဖြင့် လူနာ သယ်ဆောင်နည်းများ၊ သဘာဝ ဘေးအရေးပေါ် အခြေအနေတွင် ကိုယ်၌တစ်ပါတည်း သယ်ယူရ မည့်ပစ္စည်း ၁၇ မျိုး ခင်းကျင်းပြသ ရှင်းလင်းပြီး လက်တွေ့ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။



**တင်စိုးလွင်**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး၌ Smart Practice Room ဖွင့်လှစ်ခြင်းနှင့် ဟောပြောပွဲပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၁၆**

သွားဘက်ဆိုင်ရာ ဆေး တက္ကသိုလ်-မန္တလေးနှင့် ကိုရီး ယားသမ္မတနိုင်ငံ Seoul National University တို့သည် LUPIC (Leading University Project For International Cooperation ) ကို ၂၀၁၉ ခုနှစ်မှ စတင်၍ ပူးပေါင်း အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိရာ ဘွဲ့ကြိုကျောင်း သား ကျောင်းသူများ၏ လက်တွေ့ သင်ကြားရေးတွင် အထောက်အကူ ဖြစ်စေရန် လူပုံစံရုပ်တု (Maniken) ၆၀ ပါရှိသော Smart Practice Room ကို နိုဝင်ဘာ ၁၅ ရက်တွင် သွားဘက်ဆိုင်ရာ ဆေး တက္ကသိုလ်-မန္တလေး၌ ဖွင့်လှစ်ခဲ့ သည်။



အဆိုပါအခန်းတွင် ရိုက်ကူးရေး ကင်မရာ၊ တီဗွီမော်နီတာ၊ မိုက်ခရို ဖုန်းနှင့် စပီကာများ တပ်ဆင်ထား ပြီး ဆရာဆရာမများကDemonstra-tion လုပ်ပြသည်များကို ကျောင်း သား ကျောင်းသူများက အချိန်နှင့် တစ်ပြေးညီ ကြည့်ရှုသင်ကြား နိုင်မည်ဖြစ်သည်။ ထို့ပြင် Seoul National University, School of Dentistry, သွားညှိ ကုပညာဌာနမှ Professor Dr.Sug Joon Ahn သည် သွားညှိကုပညာ ရပ်တွင် ခေတ်စားလျက်ရှိသော (Invisalign) နှင့် ပတ်သက်၍ ဘွဲ့လွန်ကျောင်းသား ကျောင်းသူ များကို ဟောပြောပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၆ မှ

သစ်တော၊ သစ်ပင်တွေက အဲဒီလို အဘက်ဘက်က အကျိုးပြုနေပေမယ့် သစ်တောပြုန်းတီးတာတွေနဲ့ သစ်တော အရည်အသွေး ကျဆင်းနေတာတွေက ကြောက်ခမန်းလိလိပါပဲလို့ ကုလသမဂ္ဂ အစားအစာနဲ့ စိုက်ပျိုးရေးအဖွဲ့ကြီးက ပြောထားတာ တွေ့ရပါတယ်။ အဲဒီထဲမှာ လူဦးရေတိုးလာလို့ မြို့ပြတွေ ကျယ်ပြန့် လာတာ၊ စိုက်ပျိုးမြေ ချဲ့ထွင်လာတာ တွေကလည်း သစ်တောပြုန်းတီးတာတွေ ဖြစ်လာတယ်။ တစ်ဖက်မှာ သစ်တော ပြုန်းတီးတာတွေရှိနေလို့ တစ်ဖက်မှာ သစ်တောတွေကို ထိန်းသိမ်းတာ၊ စိုက်ပျိုး တာတွေရှိနေရင် ခုသာခံသာ ရှိနိုင်ပါသေး တယ်။ အဲဒီထိန်းသိမ်းတာတွေ မရှိရင်တော့ ပျက်စီးတာတွေက တစ်နှယ်ငင်တစ်စင်ပါ အတောသတ်နိုင်မယ်မထင်ဘူး။

### အပူချိန် လျှော့ချနိုင်အောင် အပြင်းအထန် ကြိုးစားနေရဆဲ

လတ်တလောအထိတော့ ကမ္ဘာ့ အပူချိန် လျှော့ချနိုင်အောင် အပြင်းအထန် ကြိုးစားနေရဆဲပဲ။ ကမ္ဘာ့အပူချိန်မြင့်ရတဲ့ အကြောင်းရင်းတွေကို ကာကွယ် ထိန်းသိမ်းဖို့နဲ့ ပြည့်ဖြိုးမြဲစွမ်းအင်လို သဘာဝနဲ့ လိုက်လျောညီထွေရှိတဲ့ နည်းပညာနဲ့နေထိုင်မှုပုံစံတွေ အစားထိုး ဖို့ ကြိုးစားနေကြတာ ကြာပါပြီ။ အဲဒီထဲ မှာ ထိန်းသိမ်းဖို့ခက်နေတာက လူတွေရဲ့ လောဘဆိုတဲ့ အရင်းခံအကြောင်းတရား ပါပဲ။ ရလေ လိုလေဆိုတဲ့ လူတွေရဲ့ မဆုံး နိုင်တဲ့ လောဘပြိုင်ဆိုင်မှုက ကမ္ဘာ လောကတစ်ခုလုံးကို ယိုယွင်းပျက်စီး စေတဲ့ အဓိကတရားခံလို့ပြောရင် လွန်မယ် မထင်ဘူး။ ကိုယ်ကျိုးစီးပွားနဲ့ အများ အကျိုးစီးပွားယှဉ်ရင် အများအကျိုးစီးပွား က နောက်ကောက်ကျနေတယ်။ ကိုယ်စီ ကိုယ်စီရဲ့ အကျိုးစီးပွားတွေ ထိပ်တန်း တင်လာကျတော့ အများကောင်းကျိုး ဆိုတာ နေပူပူအောက်က တံလျှပ်လို ဖြစ်နေတယ်။ အများအကျိုးစီးပွားတွေ လုပ်ကြတဲ့အခါ တာဝန်တစ်ရပ်ဆိုတာ ထက် အသိတရားနဲ့ လိုက်နာစောင့်ထိန်း အပ်တဲ့ စိတ်သဘောထား၊ ကျင့်ဝတ်နဲ့ အမူအကျင့်တွေအပေါ် အများကြီးမူတည် ပါတယ်။ အချို့လည်း ကျင့်ဝတ်တွေကို အသိတရားရှိရှိ လိုက်နာကြတယ်။ အချို့ ကလည်း အသိတရားမဲ့စွာနဲ့ ဖောက်ဖျက် ကြတယ်။

### ပျက်စီးယိုယွင်းတဲ့ဘက်ကို ဦးတည်

လူမှုပတ်ဝန်းကျင်တစ်ခုမှာ အသိ တရားမြင့်မားပြီး ကျင့်ဝတ်တွေလိုက်နာ ကြရင် အဲဒီပတ်ဝန်းကျင်ဟာ ရေရှည် တိုးတက်မြင့်မားလာမှာပါ။ အဲဒီလို မဟုတ်ဘဲ အသိတရားမဲ့ပြီး ဖောက်ဖျက် တဲ့သူ များလာရင်တော့ ပျက်စီးယိုယွင်း တဲ့ဘက်ကို ဦးတည်သွားမှာပဲ။ တိုးတက် တယ်ဆိုရင်တောင် တစ်ဖက်မှာ ပေးဆပ် လိုက်ရတဲ့ ကြီးကြီးမားမား ဆုံးရှုံးတာ တွေ၊ ထိခိုက်တာတွေ ရှိလာပါလိမ့်မယ်။

လူအများနဲ့ နေထိုင်လုပ်ကိုင်ကြတဲ့ အခါ လူ့သဘောသဘာဝတွေကို ရှောင်လွှဲဖို့အခက်သား။ လူ့သဘော သဘာဝတွေထဲမှာ လောဘရှိတတ်တဲ့ သဘာဝလည်း ပါပါတယ်။ ဒါပေမဲ့ လောဘတွေက ရှိသင့်တာ၊ ဖြစ်သင့်တာ ထက် အတိုင်းအဆမဲ့ မီးတောက်လို လောင်မြိုက်နေရင်တော့ သူတစ်ပါးတွေ ကိုပါ ထိခိုက်စေပါတယ်။ အခုဆို လူတွေ ရဲ့ လောဘကြောင့် ကမ္ဘာကြီးရဲ့အပူချိန်ကို တိုးပြီးရင်းတိုးနေတာ လက်တွေ့မြင်တဲ့ အတိုင်းပဲ။ လူတွေရဲ့အစ္ဈတ္တအတွင်းက လောဘအပူတွေ ထပ်ပြီးများနေရင်တော့ အပြင်လောကရဲ့ အပူရှိန်တွေက ဆက်ပြီးမြင့်နေဦးမယ်ထင်ပါရဲ့။ ။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပူတာအိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုစစ်ဆေး

**ပူတာအို နိုဝင်ဘာ ၁၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဝမ်းစာဖူလုံရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုအကျိုးဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်ရေးအတွက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် နိုဝင်ဘာ ၁၄ ရက် နံနက် ၇ နာရီက ပူတာအိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နံနက် ၇ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရ၊ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် အတူ ပူတာအိုမြို့ကို မြို့အင်္ဂါရပ်နှင့် သန့်ရှင်းသပ်ရပ်ပြီး ဝေဆာစိမ်းလန်းနေစေရေးအတွက် လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လမ်းဘေးဝဲ/ယာတစ်လျှောက် အမှိုက်နှင့် သစ်ပင်ချုံနွယ်များ ရှင်းလင်းနိုင်ရေး၊ မြေယာရှုခင်းပြုပြင်ပြီး အလှပန်းပင်များ စိုက်ပျိုးထားရှိရေး၊ ပူတာအိုမြို့အား ပြည်တွင်း/ပြည်ပ ခရီးသွားများကို အဓိကဆွဲဆောင်စေသည့် မြို့ပြဖြစ်လာစေရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မတ်ပန်ကွင်းအတွင်း ဆင်းဧကရီ-၃ အထွက်တိုးမျိုးစပါး စံပြကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်ပြီး စံပြကွက်အတွင်း ရိတ်သိမ်းခြွေလှေ့စက်အသုံးပြု၍ မိုးစပါးရိတ်သိမ်းမှုနှင့် ၆ ဒသမ ၆ ပေပတ်လည် စံပြကွက်ဖြင့် တစ်ဧကပျမ်းမျှအထွက်နှုန်း တွက်ချက်ရိတ်သိမ်းမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် မတ်ပန်ကွင်းရှေ့ ကားလမ်းဘေး၌ ပူတာအိုဒေသဝမ်းစာဖူလုံရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် နှီးဆော်တိုက်တွန်းထားသည့် "ပူတာအိုဒေသ ဝမ်းစာဖူလုံဖို့ ဒီသုံးနှစ်မှာ ကြိုးစားစို့"ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ တက်ရောက်လာသူများအား ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။



ထိုမှတစ်ဆင့် ဒုတ္တန်ရပ်ကွက်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၇ ဒသမ ဝ၇ဝ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် နည်းပညာကျောင်းသွားလမ်း အရှည်ပေ ၁၆ဝဝ အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ မူလာရှီးဒီကျေးရွာရှိ မူလာရှီးဒီ ကြိုးတံတားကြွခိုင်မှုနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုတို့ကို လည်းကောင်း၊ မြို့မရပ်ကွက်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ်သိန်း ၁ဝဝ ပံ့ပိုးချေးငွေဖြင့် Phoenix ဝိုင်ထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း လီမိတက်၏ ဒေသထွက် ဂရိတ်ဖုသီးများဖြင့် ဝိုင်ထုတ်လုပ်မှုကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ပြင်ဦးလွင်မြို့ရှိ မော်တော်ယာဉ်နည်းပညာသုတေသနဌာနခွဲ ကြည့်ရှုစစ်ဆေး

**ပြင်ဦးလွင် နိုဝင်ဘာ ၁၆**

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့ညနေပိုင်းက ပြင်ဦးလွင်မြို့ရှိ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန မော်တော်ယာဉ်နည်းပညာ သုတေသနဌာနခွဲ သုတေသန လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ EV နည်းပညာ ပြန့်ပွားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး သင်တန်းများအတွက် သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် စုဝေးခန်းမတွင် ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် နိုင်ငံတော်တွင် သဘာဝပတ်ဝန်းကျင်ကောင်းနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုနှင့် ရုပ်ကြွင်းလောင်စာ စက်သုံးဆီများ လျှော့ချနိုင်ရေး၊ ခေတ်မီ EV များကို ပြည်သူများ အဆင်ပြေပြေ အသုံးပြုနိုင်ရေးနှင့် နိုင်ငံ့မြို့ကြီးများတွင် လေထုအရည်အသွေးညွှန်းကိန်းများကို မြင့်မားစေပြီး ပြည်သူများအတွက် သန့်ရှင်းသော လေထုမှတစ်ဆင့် ကျန်းမာရေး ကောင်းမွန်စေသည့် ဆုလာဘ်များကိုပါ တစ်ပါတည်းရရှိစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် သုတေသန ဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးတို့အတွက် နေ့စဉ်မပြတ် လုပ်ငန်းများ အမှန်တကယ်တိုးတက်မှု ရှိစေရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပြီး ဆရာများ၏ စွမ်းရည်များမြင့်မားရေး ပုံမှန်ဆန်းစစ် မွမ်းမံသွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် အဆိုပါဌာနရှိ အဆင့်မြှင့်ပုံစံပြုပြင်ခြင်းဆိုင်ရာ အင်ဂျင်နီယာဌာနခွဲ၊ ထိန်းချုပ်မှု အင်ဂျင်နီယာနည်းပညာဌာနခွဲ၊ မော်တော်ယာဉ်အင်ဂျင်ပိုင်းဆိုင်ရာ နည်းပညာဌာနခွဲ၊ မော်တော်ယာဉ်ရွေ့လျားမှုဆိုင်ရာ နည်းပညာဌာနခွဲနှင့် ထုတ်လုပ်မှု အင်ဂျင်နီယာနည်းပညာဌာနခွဲတို့ရှိ သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**❂ တပ်မတော်မှ**

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ကျောက်ဖြူမြို့ Students Hostel ၌ အခြေပြု၍ ကျောက်ဖြူမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၄၅ ဦး၊ ခွဲစိတ်ရောဂါ ၄၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၁ ဦး၊ ကလေးရောဂါ ၄၆ ဦး၊ အရိုးရောဂါ ၁၃၉ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၄၅ ဦး၊ မျက်စိရောဂါ ၂၁၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၆၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ၁၁ ဦး၊ မျက်စိခွဲစိတ်လူနာ ကိုးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၄ ဦး စုစုပေါင်း ၈၂၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူ တစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးဝါးလာရောက်ကုသမှုခံယူသည့် ဒေခံပြည်သူများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

**ဒေါ်ခင်မိုးဦး**
**ရခိုင်ပိုက်ဆိပ်ရပ်ကွက်**
**ကျောက်ဖြူမြို့**

ကျွန်မရဲ့ရောဂါက ခန္ဓာကိုယ်မှာ အသီးလေးတွေ နည်းနည်းပေါက်ပြီး ယားနေလို့ပါ။ အဲဒါ



ဒေါ်ခင်မိုးဦး



တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)နှင့် လိုက်ပါလာသည့် နယ်လှည့်အထူးကုဆေးအဖွဲ့ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

တပ်မတော် နယ်လှည့်ဆေးကုအဖွဲ့က ရောက်လာပြီးကုသပေးနေတယ်လို့ ကြားတဲ့အတွက် လာပြီးကုသတာပါ။ ရောဂါဖြစ်နေတာက ခြောက်လလောက်ကြာသွားပါပြီ။ အပြင်မှာဆေးကုရင် ငါးသိန်း ခြောက်သိန်းလောက်ကုန်မှာပါ။ ဒီမှာဆိုရင် ပိုက်ဆံလည်း တစ်ပြားမှမကုန်ဘူး။ အလကား ကုပေးတယ်။ သောက်ဆေးတွေလည်းပေးတယ်။ အဲဒါကြောင့် လာကုတာပါ။ ဆေးကုသပေးတဲ့ ဆရာဝန်လေးတွေကလည်း မျက်နှာလေးတွေကချိုချိုသာသာနဲ့ ကုသပေးပါတယ်။ လူနာတွေကိုလည်း နွေးနွေးထွေးထွေး ဆက်ဆံပါတယ်။ အဲဒါကြောင့်လည်း လူတွေက လာပြီး ဆေးကုသကြတာများတယ်။ အခုလိုလာရောက်ကုသပေးတဲ့အတွက် ဝမ်းသာကြည်နူးခံစားရပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း အခုလိုပဲ လာရောက်ကုသပေးကြပါတယ်။ အရင်နှစ်တွေကလည်း အခုလိုပဲ လာရောက်ကုသပေးကြပါတယ်။ တစ်နှစ်မှာ နှစ်ခါသုံးခါလောက် ရောက်ကြပါတယ်။ ရောက်တိုင်းလည်း လူတွေအများကြီး လာရောက်ကုသကြပါတယ်။ နိုင်ငံတော်အကြီး အကဲတွေနဲ့ ဆေးကုသပေးတဲ့ ပါရဂူကြီးတွေကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးဘယာကင်းရှင်းကြပါစေ၊ အန္တရာယ်ကင်းလို့ ဘေးရှင်းကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ **သတင်းစဉ်**

# ရန်ကုန်မြို့အပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီများ အချိန်မီ ပို့ဆောင်ဖြန့်ဖြူးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရန်ကုန်သီလဝါဆိပ်ကမ်း ဒေသကြီးရှိ စက်သုံးဆီ Terminal များသို့ ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ရောက်ရှိပြီး စက်သုံးဆီများ ဖြည့်တင်းလျက်ရှိသည်။

**ဝယ်ယူသုံးစွဲလျက်ရှိ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သီလဝါဆိပ်ကမ်းဒေသကြီးရှိ Denko Terminal၊ Max Terminal၊ MMTM Terminal၊ Brighter Energy Terminal၊ PSW Terminal၊ Regency SPC Terminal များအပြင် သာကေတမြို့နယ်ရှိ PT Power Terminal နှင့် လှိုင်သာယာမြို့နယ်ရှိ Denko Terminal တို့မှ နိုဝင်ဘာ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရောင်းဆိုင် ၁၈၇ ဆိုင်သို့ ဆီသယ်ယာဉ် ၃၆၇ စီးဖြင့် 92 Ron ဂါလန် လေးသိန်းကျော်၊ 95Ron ဂါလန် နှစ်သိန်းလေးသောင်းကျော်၊ ဒီဇယ်ဆီ ဂါလန် သုံးသိန်းနှစ်သောင်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီ ဂါလန် သုံးသိန်းငါးသောင်းကျော်ကို လည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီ အရောင်းဆိုင် ၂၁၇၈ ဆိုင်သို့ ဆီသယ်ယာဉ် ၉၂၈ စီးဖြင့် 92 Ron ဂါလန် တစ်သန်းနှစ်သိန်းကျော်၊ 95Ron ဂါလန် နှစ်သိန်းငါးသောင်းကျော်၊ ဒီဇယ်ဆီ ဂါလန် ခုနစ်သိန်းကျော်၊ ပရီမီယမ် ဒီဇယ်ဆီ ဂါလန် ၁၀ သိန်းကျော်ကိုလည်းကောင်း နေ့ညမရွေး အဆက်မပြတ် ဖြည့်တင်းသယ်ယူပို့ဆောင်ဖြန့်ဖြူးလျက်ရှိသဖြင့် နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်အားလုံးတွင် စက်သုံးဆီလာရောက်ဝယ်ယူမှုအခြေအနေမှာ ပုံမှန်အတိုင်းဖြစ်ပြီး အများပြည်သူများက စက်သုံးဆီများကို အမျိုးအစားအလိုက် လိုအပ်သလို အဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



Terminal များတွင် ဆီသယ်ယာဉ် Bowser များ ဆီဖြည့်နေစဉ်။



PT POWER (မော်လမြိုင်)





OK ENERGY (ကျောက်ပန်းတောင်း)



PT POWER (ရွှေသာကြီး)




အောင်ထက်လင်း(မင်းဘူး)



PT POWER (မှော်ဘီ)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ပေးအပ်




နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုချီးမြှင့်ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နေသော တပ်မတော်သားများအား ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသ ကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်အလှူရှင် ၄၄ ဦးက ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၁၈၃၅သိန်း ငါးသောင်းကို ပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းပညာရေးတက္ကသိုလ် (၃၁)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ကျင်းပ




နေပြည်တော် နိုဝင်ဘာ ၁၆

စစ်ကိုင်းပညာရေး တက္ကသိုလ်၏(၃၁)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ၊ စစ်ကိုင်းပညာရေး တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် ဒုတိယပါမောက္ခချုပ်(သင်တန်း) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်ကျော်၊ ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ DAAD, DIES မှ ကျွမ်းကျင်ပညာရှင် Dr. Maria Flordeliza,Vice President and Dean of Studies of Centro Escolar University Malolos, Philippines တို့က အွန်လိုင်းဖြင့် တက်ရောက်ခဲ့ပြီး စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေး အဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ သင်ကြား/စီမံအရာရှိများ၊ စာတမ်းရှင်များ၊ ဆရာ ဆရာမများနှင့် ပညာရေးဘွဲ့လွန် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စစ်ကိုင်းပညာရေး တက္ကသိုလ်၏ (၃၁)နှစ်မြောက် သုတေသနစာတမ်းဖတ်ပွဲတွင် ပညာရေးဘာသာရပ်များမှ စာတမ်း ၂၀ စောင်၊ ဝိဇ္ဇာဘာသာရပ်များမှ စာတမ်းခြောက်စောင်၊ သိပ္ပံဘာသာရပ်များမှ စာတမ်းအစောင် ၅၀ စုစုပေါင်း ၇၇ စောင် ဖတ်ကြားမည်ဖြစ်၍ စာတမ်းဖတ်ကြားမည့် စာတမ်းရှင် ဆရာ ဆရာမများအားလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဆရာ ဆရာမများအားလုံး သုတေသနစာတမ်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန်၊ ပညာရပ်ဆိုင်ရာ အကျိုးပြု၊ ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြုသုတေသနများ ပေါ်ထွက်လာရေးအတွက် ကြိုးစားဆောင်ရွက်ကြပြီး ပြည်တွင်း၊ ပြည်ပ သုတေသန စာတမ်းဖတ်ပွဲများတွင် ပါဝင်ဖတ်ကြားနိုင်အောင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဒေါက်တာ မြတ်မြတ်သော်က နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ယင်းနောက် DAAD, DIES မှ ကျွမ်းကျင်ပညာရှင် Dr. Maria Flordeliza,Vice President and Dean of Studies of Centro Escolar University Malolos, Philippines က သုတေသနသည် တက္ကသိုလ် ဆရာ ဆရာမများအတွက် မရှိမဖြစ်ဆောင်ရွက်သင့်ကြောင်း၊ (၃၁)နှစ်မြောက် တက္ကသိုလ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် သုတေသန စာတမ်းဖတ်ပွဲ ကျင်းပသော စစ်ကိုင်းပညာရေး တက္ကသိုလ်အတွက် လွန်စွာဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားသည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဤတက္ကသိုလ်မှ စာတမ်းဖတ်ကြားသူ ၅၃ ဦးနှင့် အခြားတက္ကသိုလ်များမှ စာတမ်းဖတ်ကြားသူ ၂၄ ဦး ရှိကြောင်း သိရသည်။ **သတင်းစဉ်**




# အလုပ်ခွင်ပြင်ပ ထိခိုက်သေဆုံးမှု အကျိုးခံစားခွင့် ထုတ်ပေး

မှော်ဘီ နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော မြောင်းတကာစက်မှုဇုန်ရှိ Natural Clay စက်ရုံမှ အာမခံအလုပ်သမားအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဘားလမ်းရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကိုရှင်းလင်းပြောကြားပြီး မှော်ဘီမြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Natural Clay စက်ရုံမှ အာမခံအလုပ်သမား ဦးဟိန်းဇော်ဦး၏အလုပ်ခွင်ပြင်ပတွင်ထိခိုက်မှုကြောင့်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ခွင့်ပြုငွေကျပ် ၇၂၀၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်မာမာဌေးအား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းဇော်(မှော်ဘီ)**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး မြန်မာ- တရုတ် ခရီးသွားမြှင့်တင်ရေးအမှုဆောင်ဥက္ကဋ္ဌ Mr. David Liu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၆

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးအား မြန်မာ–တရုတ် ခရီးသွားမြှင့်တင်ရေး (Exploring Myanmar Culture & Tourism Organization) ၏ အမှုဆောင်ဥက္ကဋ္ဌ Mr. Liu Wei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် တရုတ်နိုင်ငံရှိ TikTok တွင် ဖွင့်လှစ်ထားသော “Myanmar Pavilion” ခရီးသွားမြှင့်တင်ရေး ပလက်ဖောင်းကို အသုံးပြု၍ မြန်မာနိုင်ငံ၏ ခရီးသွား ဆွဲဆောင်မှုများနှင့် ယဉ်ကျေးမှုများကို တရုတ်နိုင်ငံသားတိုင်း သိရှိစေရန် မိတ်ဆက်ပေးနိုင်ရေးနှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်း ဆောင်ရွက်နေမှုများကို လာရောက် တွေ့ဆုံတင်ပြသည်။




တွေ့ဆုံစဉ် တရုတ်နိုင်ငံ၌ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ၊ အစားအစာများ၊ ခရီးသွား ဆွဲဆောင်ရာနေရာများကို မြှင့်တင်ကြော်ငြာရေးဆိုင်ရာ ကိစ္စရပ်များ၊ တရုတ်နိုင်ငံမှ social influencer များ၊ သတင်းမီဒီယာများ၊ ခရီးသွား ဘလော့ဂါများနှင့် ခရီးသွားအေဂျင်စီများပါဝင်သော ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် (Familiarization Trip– FAM Trip (ဖန်ထရစ်) အား ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ကြီးဌာနမှ တရုတ်ခရီးသွားများ ပိုမိုဝင်ရောက်လာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ဒစ်ဂျစ်တယ် နည်းပညာအသုံးပြု၍ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၌ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များ ဖိတ်ခေါ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ တရုတ်နိုင်ငံ၌ မြန်မာနိုင်ငံနှင့် ပတ်သက်သော သတင်းတုသတင်းမှားများကို အမှန်သတင်းဖော်ပြနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တရုတ်–မြန်မာ ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများ အကြား communication channel တည်ဆောက်နိုင်ရေးနှင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံဘက်မှ အွန်လိုင်းလိမ်လည်မှုများနှင့် ဖမ်းဝရမ်းထုတ်ပြန်ထားသူ သုံးဦးအား ဖမ်းဆီးရမိ၊ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး တရုတ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့မှု အခြေအနေ၊ ၁၆-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ရခိုင်ပြည်နယ် ပေါက်တောမြို့တို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ တရုတ်နိုင်ငံဘက်က အွန်လိုင်းလိမ်လည်မှုနှင့် ပတ်သက်ပြီး ဖမ်းဆီးဖို့ ဝရမ်းထုတ်ပြန်ထားတဲ့ မြီရှောက်ချန်းဦးစီးလေးယောက်။ ကျွန်တော်တို့မြန်မာနိုင်ငံအစိုးရအနေနဲ့လည်း တရုတ်နိုင်ငံက ဖမ်းဆီးဖို့အတွက် ထုတ်ပြန်ပြီးတဲ့အချိန်မှာ မြန်မာနိုင်ငံအနေနဲ့ တရားဝင် ဖမ်းဝရမ်းထုတ်ဆင့်ပြီးတော့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလေးယောက်ထဲမှာမှ ဒီနေ့ လောက်ကိုင်မှာပဲ မြီရှောက်ချန်း၊ မြီကော်ဖျင်း၊ မြီကျိန်းကျိန်းတို့ကို မြန်မာ့တပ်မတော်အနေနဲ့ ဖမ်းဆီးခဲ့ပါတယ်။ ဖမ်းဆီးတဲ့အချိန်မှာတော့ မြီရှောက်ချန်းသည် တရားမဝင်ကိုင်ဆောင်ထားတဲ့ ပွိုင့် ၂၂ သေနတ်နဲ့သူ့ခေါင်းကိုသူပစ်ပြီးတော့ ဆူဆိုက်လုပ်ခဲ့တယ်။ အဲဒီအတွက် လောက်ကိုင်မှာရှိတဲ့ဆေးရုံမှာ ဆေးကုသမှုခံယူစေခဲ့တယ်။ သို့သော် အသက်ရှင်မှုမရှိခဲ့ဘူး။ အဲဒီ မြီရှောက်ချန်းရဲ့အလောင်းရယ် ပြီးရင် မြီကော်ဖျင်း၊ မြီကျိန်းကျိန်းတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲတပ်ဖွဲ့နဲ့ မြန်မာနိုင်ငံအထူးရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီးတော့ ရန်လုံကျိုင်းဂိတ်မှာ ဒီနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီလောက်မှာ အောင်မြင်စွာ လွှဲပြောင်းခဲ့ပြီးဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်တဲ့နေရာမှာ အမှန်တကယ်အလေးထားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ ထပ်မံပြီးတွေ့ရတာတော့ မဟုတ်မမှန်ဝါဒဖြန့်မှု တစ်ခုကိုလည်း တွေ့ခဲ့ရပါတယ်။ ဒီမဟုတ်မမှန်ဝါဒဖြန့်မှုအနေနဲ့ အွန်လိုင်းလိမ်လည်မှုတွေမှာ ဦးပယ်စောက်ချိန်ရဲ့သား ဦးပယ်ရင်ချန်လည်း ပါဝင်တယ်။ တရုတ်နိုင်ငံက ဖမ်းဝရမ်းထုတ်တယ်ဆိုပြီးတော့ လိမ်လည်မှုဖြစ်ပါတယ်။ ဒီဦးပယ်စောက်ချိန်ရဲ့သား ဦးပယ်ရင်ချန်ကို တရုတ်နိုင်ငံနဲ့ ဆက်သွယ်ကြည့်တဲ့အခါမှာ ဖမ်းဝရမ်းထုတ်ထားတာလည်းမရှိပါဘူး။ သူ့အနေနဲ့ ပြစ်မှုတွေမှာ ပါဝင်ပတ်သက်ခြင်း မရှိဘူးဆိုတာလည်း သိရပါတယ်။ ဒီဇာစ်မြစ်တွေကို လိုက်ကြည့်တဲ့အခါမှာ တစ်ဖက်အဖွဲ့အစည်းဖြစ်တဲ့ MNDAA အဖွဲ့က လုပ်တယ်ဆိုတာ သိရပါတယ်။

ကျွန်တော်ပြောခဲ့သလိုပါပဲ ဒီဟာတွေသည် ယခင်တုန်းက ကျွန်တော်ပြောခဲ့ဖူးတယ်။ ကိုးကန့်ဒေသမှာဖြစ်နေတဲ့ဟာတွေသည်၊ ကျန်တဲ့ဟာတွေသည် အကြောင်းပြချက်တွေသာဖြစ်တယ်။ ဒီအွန်လိုင်းလိမ်လည်မှုကို တိုက်ဖျက်တယ်တို့ မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးဆိုတာ လိမ်လည်မှုတစ်ခုပဲဖြစ်တယ်။ သူတို့ တကယ်လုပ်နေတာဟာ ကျွန်တော်ပြောခဲ့သလို ဖုန်-ရန်အရေးအခင်း၊ ဖုန်ကြားရှင်နဲ့ ရန်မိုးလျှန်တို့ကြားထဲက မိသားစုနှစ်ခုကြားထဲက အာဏာလုပွဲတွေ၊ အခုမှာလည်း ယခင်တုန်းက ကိုးကန့်ဒေသအုပ်ချုပ်ရေးမှာပါဝင်ခဲ့ဖူးတဲ့၊ ခေါင်းဆောင်လုပ်ခဲ့ဖူးတဲ့ ဦးပယ်စောက်ချိန်တို့အဖွဲ့နဲ့ မိသားစုချင်း ရန်ငြိုးရန်စတွေပဲ ဖြစ်တယ်လို့ပြောချင်ပါတယ်။ ဒီနေရာမှာ ထပ်ပြီးတော့ ပြောချင်တာကတော့ MNDAA နဲ့သူတို့မဟာမိတ်ဆိုတဲ့ အဖွဲ့တွေဟာ ဒီကိစ္စကို ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းမှာ နယ်မြေမငြိမ်မသက်ဖြစ်အောင် လုပ်ရုံသာမကဘဲနဲ့ ဒီကိစ္စမလုပ်ခင်မှာလည်း သုံးသပ်ရမယ်ဆိုရင် တရုတ်နိုင်ငံအစိုးရနဲ့ မြန်မာနိုင်ငံအစိုးရရဲ့ ခုနပြောတဲ့ အွန်လိုင်းလိမ်လည်မှုကို ချေမှုန်းဖို့အတွက် ခိုင်မာစွာ သန္နိဋ္ဌာန်ချထားတာကို လိမ္မာပါးနပ်စွာ အသုံးချသွားတာပဲဖြစ်တယ်။ တရုတ်နိုင်ငံအစိုးရရဲ့တရုတ်ပြည်သူတွေအပေါ်မှာ အလေးထားတဲ့




တရုတ်ပြည်သူတွေရဲ့ရိုးသားပွင့်လင်းတဲ့ ခုနအွန်လိုင်းလိမ်လည်မှုအပေါ်မှာ ချေမှုန်းဖို့သန္နိဋ္ဌာန်ချထားတဲ့ ကိစ္စကို သူတို့အဖွဲ့အစည်းအကျိုး၊ MNDAA အဖွဲ့အစည်းအကျိုးအတွက် အကွက်ချပြီးတော့ အသုံးချသွားတာဖြစ်တယ်။ ပြောရမယ်ဆိုရင်တော့ ပြည်သူလူထုရဲ့ တရုတ်နိုင်ငံအစိုးရနဲ့ ပြည်သူလူထုရဲ့စိတ်ပိုင်းဆိုင်ရာခံစားချက်ကို ဒီကောင်တွေအနေနဲ့ ပြန်ပေးဆွဲအသုံးချတယ်လို့ပဲ မြင်လို့ရတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအစိုးရအနေနဲ့ တရုတ်နိုင်ငံအစိုးရဟာ နှစ်နိုင်ငံတာဝန်ရှိသူများ အကြိမ်ကြိမ်တွေ့ဆုံပြီးဖြစ်တယ်။ ဒီအွန်လိုင်းလိမ်လည်မှုနဲ့ပတ်သက်ပြီး ကျွန်တော်ပြောခဲ့သလိုပဲ တရုတ်ပြည်သူတွေချည်းပဲ နစ်နာတာမဟုတ်ဘူး။ မြန်မာနိုင်ငံပြည်သူတွေပါ နစ်နာတာဖြစ်တယ်။

ဒ့ါအပြင် ပါဝင်ပတ်သက်နေတဲ့ တချို့သောအိမ်နီးနားချင်းနိုင်ငံက ပြည်သူတွေပါ နစ်နာခဲ့တာဖြစ်ပါတယ်။ ဒီနစ်နာမှုတွေဟာ တရုတ်နိုင်ငံအစိုးရကလုပ်တာလည်းမဟုတ်ဘူး။ မြန်မာနိုင်ငံအစိုးရကလုပ်တာမဟုတ်ဘူး။ တရုတ်ပြည်သူတွေလုပ်တာမဟုတ်သလို မြန်မာနိုင်ငံပြည်သူတွေလုပ်နေတာလည်းမဟုတ်ဘူး။ ဒီရဲ့တရားခံစစ်စစ်တွေဟာ တရုတ်နိုင်ငံနဲ့အခြားသောနိုင်ငံတွေက ရာဇဝတ်မှု၊ လိမ်လည်မှုတွေနဲ့ ထွက်ပြေးနေတဲ့ပြည်ပြေးတွေက လက်နက်ကိုင်အဖွဲ့အစည်းအချို့နဲ့ ပူးပေါင်းပြီး တရုတ်ပြည်သူတွေကော၊ မြန်မာပြည်သူတွေကောကို လိမ်လည်နေတာပဲ ဖြစ်တယ်လို့ ခိုင်ခိုင်မာမာပြောချင်ပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ တရုတ်နိုင်ငံဘက်ကနေပြီး သတင်းပေးပို့ထားတဲ့ နှိမ်နင်းရမယ့်နေရာတွေ ရှိပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့အနေနဲ့ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောလိုပါတယ်။

ဒ့ါအပြင် ဒီနေ့မှာ နေပြည်တော်မှာရှိတဲ့ ဝန်ကြီးဌာနတွေမှာ လုံခြုံရေး အဖွဲ့တွေဖွဲ့စည်းနေတယ်ဆိုတဲ့ဟာမျိုးတွေ၊ လုံခြုံရေးတပ်ဖွဲ့တွေဖွဲ့စည်းနေတယ်ဆိုတဲ့ဟာမျိုးတွေ ထွက်လာတာရှိပါတယ်။ ဒါဟာ အချိန်ကိုက်ဝါဒဖြန့်မှုသာဖြစ်တယ်။ နေပြည်တော်မှာ ဘယ်လိုမျိုးရှိနေတယ်ဆိုတာ နေပြည်တော်မှာရှိနေတဲ့ လူတွေအားလုံးကို မေးမြန်းစုံစမ်းလို့ရတယ်။ ဒီမှာ ဌာနဆိုင်ရာတွေလည်း သူ့လုပ်ငန်းကိုသူအရှိန်မပျက်လုပ်ဆောင်နေတယ်။ ပြည်သူလူထုလည်း သူ့လုပ်ငန်းကို အရှိန်မပျက်လုပ်ဆောင်နေတယ်။ မြန်မာနိုင်ငံမှာရှိတဲ့မြို့ကြီးပြကြီးအများစုမှာလည်း ဒီအတိုင်းပဲဖြစ်ပါတယ်။ မတည်ငြိမ်သေးတဲ့ စစ်ကိုင်းတိုင်းဒေသကြီးက အချို့မြို့နယ်တွေ၊ ရခိုင်ပြည်နယ်က အချို့မြို့နယ်တွေ၊ ချင်းပြည်နယ်ထဲက အချို့မြို့နယ်တွေမှာပဲ ဒါတွေရှိတယ်လို့၊ လုံခြုံရေးအရ ဆောင်ရွက်နေရတာရှိတယ်လို့ ပြောချင်ပါတယ်။

ဒီနေ့ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေနဲ့ကတော့ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်မှာ နမ့်ခမ်း၊ တာမိုးညဲနဲ့ဟိုပန်ဘက်မှာ MNDAA / TNLA အဖွဲ့တွေက လုံခြုံရေးတပ်စခန်းတွေကို Drop Bomb များ လာချတာတွေ ရှိပါတယ်။ လောက်ကိုင်နားလေးမှာ ချင်းရွှေဟော်ဘက်အထွက်မှာ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့တာရှိပါတယ်။ ဒီအပြန်အလှန်ပစ်ခတ်မှုဟာ ခုနပြောတဲ့ မြီရှောက်ချန်းတို့ တရားခံသုံးဦးကို တရုတ်နိုင်ငံဘက် မလွှဲပြောင်းခင်လေးမှာ ဖြစ်ခဲ့တာဖြစ်ပါတယ်။ လွိုင်ကော်မှာတော့ အကျဉ်းထောင်နားလေးမှာ တိုက်ပွဲဖြစ်ပွားခဲ့တာရှိတယ်။ ရန်သူအကျအဆုံးရှိစွာနဲ့ ပြန်လည်ဆုတ်ခွာသွားတယ်။ မိုးဖြဲနဲ့ဒီမော့ဆိုဘက်မှာလည်း ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တယ်။ ရခိုင်ပြည်နယ်မှာတော့ ဒုံးညိုရဲစခန်း၊ ဒုံးညိုရဲစခန်းကတော့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်ခြားမှတ်တိုင် ဘီပီ-၄၆ ရဲ့အရှေ့ဘက် ခမောင်းဆိပ်ရဲ့မြောက်ဘက်မှာရှိတာဖြစ်ပါတယ်။ အဲဒီမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ရန်သူတွေဆုတ်ခွာသွားပါတယ်။ ပေါက်တောမှာတော့ ပေါက်တောနယ်မြေရဲစခန်းကို AA အဖွဲ့ဝင်ရောက်ခဲ့တာရှိတယ်။ ပြီးရင် သူတို့ဝါဒဖြန့်တာရှိတယ်။ ပေါက်တောတစ်မြို့လုံးကို ထိန်းချုပ်နိုင်ပြီဆိုပြီး ဝါဒဖြန့်တာရှိတယ်။ တပ်မတော်အနေနဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုံခြုံရေးအဖွဲ့အနေနဲ့ ဒီနေ့နေ့ခင်းပိုင်းမှာ ပေါက်တောကိုရောက်ရှိပါတယ်။ ရောက်ရှိသွားတဲ့အခါမှာ တပ်မတော်နဲ့မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရောက်ရှိတာနဲ့ ရန်သူများပြန်လည်ဆုတ်ခွာသွားခဲ့ပါတယ်။ ပေါက်တောကို ပြန်လည်ထိန်းချုပ်ထားနိုင်ပြီဖြစ်ပါတယ်။

ဒီနေရာမှာ ဒီနေ့ ကျွန်တော်ပြောချင်တာကတော့ မြန်မာနိုင်ငံအစိုးရအနေနဲ့ တရုတ်နိုင်ငံအစိုးရနဲ့ ပူးပေါင်းပြီး အွန်လိုင်းလိမ်လည်မှုများကို တိုက်ဖျက်လျက်ရှိပါတယ်။ ဒ့ါအပြင် ဒီဒေသမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပြောသလို အဓိက ဒီအွန်လိုင်းလိမ်လည်မှုဆိုတာ အခုနောက်ပိုင်းမှဖြစ်ပေါ်လာတဲ့အခြေအနေဖြစ်တယ်။ အဓိက အရင်းအမြစ်ဟာ အဲဒီဒေသမှာ တရားမဝင်စီးပွားရေးလုပ်ငန်းတွေ အထူးသဖြင့် တရားမဝင်စီးပွားရေးလုပ်ငန်းဆိုတဲ့နေရာမှာ မူးယစ်ဆေးဝါးလုပ်ငန်းပဲ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးလုပ်ငန်းကနေ တရားမဝင်ငွေတွေရတယ်။ တရားမဝင် ငွေကနေပြီးတော့ မူးယစ်ဆေးဝါးလုပ်ငန်းကို ကာကွယ်ဖို့ လက်နက်ကိုင်အဖွဲ့အစည်းတွေဖွဲ့ကြတယ်။ ဒီလက်နက်ကိုင် အဖွဲ့အစည်းတွေဖွဲ့ကြပြီးမှ မူးယစ်ဆေးဝါးလုပ်ငန်းအပြင် ကျန်တဲ့တရားမဝင်လုပ်ငန်းတွေပါ ဆက်လုပ်တယ်။ ဒါတွေကို ကာကွယ်ဖို့ ထပ်ပြီးတော့ လက်နက်ကိုင်အဖွဲ့အစည်းတွေတိုးချဲ့တယ်။ ဒီသံသရာဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းကတိုင် လည်ခဲ့တဲ့သံသရာဖြစ်ပါတယ်။ ဒီသံသရာကို ကျွန်တော်တို့ တိုက်ဖျက်ပစ်ရမှာဖြစ်ပါတယ်။ ဒီအဆိုးကျော့သံသရာကိုတိုက်ဖျက်နိုင်မှ တရုတ်-မြန်မာနယ်စပ်ဒေသမှာ ငြိမ်းချမ်းမှာ ဖြစ်ပါတယ်။ ဒီအဆိုးကျော့သံသရာကို အကယ်၍ မဖြတ်တောက်နိုင်သမျှကာလပတ်လုံး၊ မနှိမ်နင်းနိုင်သမျှကာလပတ်လုံးမှာ ဒီဟာတွေဟာ တစ်နည်းတစ်ဖုံနဲ့တိုးတက်လာတဲ့ခေတ်နဲ့အညီ နည်းလမ်းသစ်တွေနဲ့ ပေါ်ပေါက်နေမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နှစ်နိုင်ငံအနေနဲ့ ပူးပေါင်းဆက်ဆံရေး၊ ပူးပေါင်းဆက်သွယ်ရေး ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

## ကလေးခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ကွန်ပျူတာအခြေခံသင်တန်း(၃/ ၂၀၂၃)ဖွင့်ပွဲ ကျင်းပ

ကလေး နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်မှုဖြင့် ကွန်ပျူတာအခြေခံသင်တန်း(၃/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကလေးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ ကွန်ပျူတာသင်တန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဗန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် ကွန်ပျူတာအခြေခံသင်တန်း ပြင်ဆင်ထားရှိမှုနှင့် သင်ကြားမှုများကို တာဝန်ရှိသူများက ကြည့်ရှုကြသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ သင်တန်းသားသင်တန်းသူ ၁၀ ဦးအား လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံးကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိကြသည်။

ထိုသို့ အားပေးထောက်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ဥဿာဘောလုံးအားကစားကွင်း၌ ငြိမ်းချမ်းရေးကို လိုလားသည့် သံဃာတော်များနှင့် ပြည်သူများ စုစည်း၍ တိုင်းပြည်အလုံးစုံပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံ အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်



ဒေါ်အေးအေးအောင်



ပြည်သူတစ်ဦး

ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲ ကျင်းပသည်။

ဦးစွာ ငြိမ်းချမ်းရေးကို လိုလားကြသည့် သံဃာတော်များ၊ အမျိုးသားရေးတက်ကြွ လှုပ်ရှားသူများက နိုင်ငံတော်အလံများ ကိုင်ဆောင်၍ ကွင်းအတွင်း ချီတက်နေရာယူပြီး နိုင်ငံတော် သီချင်းကို သံပြိုင်ရွတ်ဆိုကာ ထောက်ခံပွဲကို ဖွင့်လှစ်ကြသည်။

ထို့နောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ အမျိုးသားရေး တက်ကြွ လှုပ်ရှားသူများက ရှင်းလင်း ဟောပြောကြသည်။

ယင်းနောက် ထောက်ခံပွဲသို့ တက်ရောက်လာကြသည့် ပြည်သူအားလုံးက "အမျိုးဘာသာ သာသနာကို စောင့်ရှောက်ပေးသော တပ်မတော်အား ထောက်ခံပါသည်။ တပ်နှင့်ပြည်သူအတူတူ သွေးခွဲလာသူဒို့ရန်သူ။ ရှေ့တန်းရောက် တပ်မတော်သားများ ကျန်းမာပါစေ။ ပြည်သူတို့၏ အကျိုး အမှန်ဖော်ဆောင်သည့် တပ်မတော်ကို ထောက်ခံပါသည်။ တရားသော စစ်အောင်ရမည်။ အစဉ်အလာ ကောင်းတဲ့ တပ်မတော် ဒို့တပ်မတော်။ မြန်မာ့တပ်မတော်အား အပြည့်အဝ ထောက်ခံအပ်ပါသည်။ အကြမ်းဖက် PDF များ ကျဆုံးပါစေ။ စွန့်လွှတ်စွန့်စား တပ်မတော်သားများ အောင်မြင်ပါစေ။ KIA အလိုမရှိ၊ TNLA အလိုမရှိ၊ MNDAA အလိုမရှိ၊ AA အလိုမရှိ၊ BPLA အလိုမရှိ၊ PDF အလိုမရှိ" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

အဆိုပါပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုလို တင်ပြလိုက်ပါသည်-

**ဒေါ်အေးအေးအောင် (ပဲခူးမြို့)**

ဒီထောက်ခံပွဲကို လာရတဲ့ အဓိကရည်ရွယ်ချက်က ကျွန်မတို့ရဲ့ တပ်မတော်ကြီးကို ချစ်ခင်မြတ်နိုးပြီး ထောက်ခံအားပေးချင်လို့ လာခဲ့တာဖြစ်ပါတယ်။ ဒီပွဲကြီးရှိတယ်လို့ ကြားရတဲ့အတွက် ကျွန်မတို့နဲ့ စိတ်သဘောထားတူတဲ့သူတွေစုပြီး လာခဲ့ကြတာဖြစ်ပါတယ်။ ရှေ့တန်းကနေထွက်ပြီး တိုက်ခိုက်ရမယ်ဆိုရင်လည်း ကျွန်မတို့တင် မဟုတ်ပါဘူး။ ပြည်သူတွေကအစ ပူးပေါင်းပါဝင်ဖို့အတွက် အသင့်ရှိနေပါတယ်။ ဒီလိုပွဲမျိုးကို အခုမှမဟုတ်ပါဘူး။ နောက်လုပ်မယ့်ပွဲတွေကိုလည်း ကျွန်မတို့လို ပြည်သူတွေအများကြီးက အခုလိုတက်ရောက်ဖို့အတွက် အဆင်သင့်ရှိနေပါတယ်။

**ပြည်သူတစ်ဦး (ပဲခူးမြို့)**

ဒီပွဲကိုလာပြီး တက်ရောက်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့မြို့မှာ တပ်မတော်ထောက်ခံပွဲ ပြုလုပ်မယ်ဆိုတဲ့အကြောင်း သိရတဲ့အတွက် ကျွန်တော်နဲ့စိတ်သဘောထားချင်း တိုက်ဆိုင်တဲ့ လူဦးရေ ၁၀၀ လောက် စုပြီး ကိုယ့်အစီအစဉ်နဲ့ကိုယ် လာခဲ့ကြတာ ဖြစ်ပါတယ်။ နိုင်ငံတော်ကို အဘက်ဘက်က နှောင့်ယှက်ဖျက်ဆီးနေတဲ့၊ ပြည်သူလူထုကို ဒုက္ခပေးနေတဲ့ ရန်သူတွေအား တိုက်စစ်ဆင်နေတဲ့ တပ်မတော်သားတွေကို ကျွန်တော်တို့က လာပြီးအားပေးတာပါ။ ရှေ့တန်းစစ်မြေပြင်မှာ ရန်သူတွေကို ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်နေကြတဲ့ တပ်မတော်သားတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ ကျွန်တော်တို့က ဆုတောင်းပေးနေပါတယ်။ ကျွန်တော်တို့နောက်မှာလည်း ကျွန်တော်တို့လို ပြည်သူတွေ အများကြီးရှိနေပါတယ်။

**သတင်းစဉ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်**

နိုဝင်ဘာလ (၁၃)ရက်နေ့၊ နံနက် (၇:၅၀) ခန့်တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမအချို့အား အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခြင်း သတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသော အနာဂတ်လူငယ်မောင်မယ်များကို ပညာသင်ကြားပေးနေသူများအား ဖမ်းဆီးခေါ်ဆောင်ခြင်း၊ လွိုင်ကော်တက္ကသိုလ်ကို အကြမ်းဖက်ဝင်ရောက်စီးနင်းဖျက်ဆီးခြင်းတို့အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

## မိုးညိုမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးသည့်မိုးစပါးများ ရိတ်သိမ်း

**မိုးညို နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေရယူဆောင်ရွက်သည့် ငွေပဒေသာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်က စိုက်ဧက ၁၁၄ ဧက၊ သာယာမြေစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်က စိုက်ဧက ၁၇၅ ဧက၊ မိုးသီတာလယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်က စိုက်ဧက ၁၁၁ ဧကတို့ပေါ်တွင် မနောသုခမျိုးစပါးများ စိုက်ပျိုးခဲ့ရာ ယခုစပါးရိတ်သိမ်းချိန်၌ တစ်ဧကလျှင် ပျမ်းမျှတင်း ၈၀ ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ဒံပေါက်ဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၆**


နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့် အပြင် ဒံပေါက်ဘူးများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။


**ပေးအပ်လှူဒါန်း**

ယနေ့တွင် စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။



စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်း" စသည့် ဆုတောင်း မေတ္တာစာလွှာများ ပါရှိကြောင်း သိရသည်။





**သတင်းစဉ်**

# ဂျပန်နှင့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ အထူးထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး

**တိုကျို နိုဝင်ဘာ ၁၆**

လာမည့်လတွင် တိုကျို၌ ကျင်းပမည့် ဂျပန်နှင့် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ အထူးထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဂျပန်နှင့် ထိုင်းနိုင်ငံ ခေါင်းဆောင်များက ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါနှင့် ထိုင်းဝန်ကြီးချုပ်သာဗီဆင်တို့သည် နိုဝင်ဘာ ၁၅ ရက်တွင် ဆန်ဖရန်စစ္စကိုမြို့ရှိ ဟိုတယ်တစ်ခုတွင် မိနစ် ၃၀ ကြာ တွေ့ဆုံခဲ့သည်။


ခေါင်းဆောင်နှစ်ဦးသည် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ ထိပ်သီးအစည်းအဝေး တက်ရောက်ရန် အမေရိကန်မြို့တော်ဝါရှင်တန်သို့ ရောက်ရှိလျက်ရှိသည်။

တရားဥပဒေစိုးမိုးမှုအပေါ်အခြေခံ၍ လွတ်လပ်ပွင့်လင်းသော နိုင်ငံတကာအစဉ်အလာကို ထိန်းသိမ်းရန်နှင့် ခိုင်မာအားကောင်းစေရန် ဂျပန်နိုင်ငံသည်နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ဝန်ကြီးချုပ် ကီရှီဒါက ပြောကြားသည်။

ထို့ပြင် ဒီဇင်ဘာလတွင် ကျင်းပမည့် ဂျပန်-အာဆီယံ ထိပ်သီးအစည်းအဝေး အောင်မြင်စေရန်အတွက် နှစ်နိုင်ငံ ခေါင်းဆောင်များ အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန်လည်း သဘောတူညီခဲ့ကြသည်။ စွမ်းအင်နှင့်မော်တော်ကားလုပ်ငန်းများ အပါအဝင် စီးပွားရေးနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု၊ လုံခြုံရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ခေါင်းဆောင်နှစ်ဦးက အတည်ပြုခဲ့သည်။

ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျှော့ချရေးလုပ်ငန်းစဉ်များကို မြှင့်တင်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်။ ခေါင်းဆောင်များသည် အစ္စရေး-ဟားမတ်စ် ပဋိပက္ခအကြောင်းကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**



# အစ္စရေး-ဟားမတ်စ် ပဋိပက္ခအတွင်း သတင်းထောက် ၄၂ ဦး ထက်မနည်း သေဆုံး

**ဂျေရုဆလင် နိုဝင်ဘာ ၁၆**

အစ္စရေးတပ်မတော်နှင့် ဟားမတ်စ်အဖွဲ့တို့ကြား ဖြစ်ပွားလျက်ရှိသည့် စစ်ဆင်နွှဲမှုများတွင် သတင်းထောက်များနှင့် မီဒီယာလုပ်သား ၄၂ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း နယူးယောက်အခြေစိုက် သတင်းထောက်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီက ယနေ့ပြောသည်။

အဆိုပါ သတင်းထောက်များ သေဆုံးမှုအရေအတွက်သည် ပဋိပက္ခစတင်သည့် အောက်တိုဘာ ၇ ရက်မှ နိုဝင်ဘာ ၁၅ ရက်အတွင်း မှတ်တမ်းကောက်ယူထားသည့် အရေအတွက်ဖြစ်ကြောင်း သတင်းထောက်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

သေဆုံးသူ ၄၂ ဦးအနက် ၃၇ ဦးမှာ ပါလက်စတိုင်းနိုင်ငံသား၊ လေးဦးမှာ အစ္စရေးနိုင်ငံသားများဖြစ်ပြီး ကျန်တစ်ဦးသည် လက်ဘနွန်နိုင်ငံသားဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ပါလက်စတိုင်း သတင်းထောက် ကိုးဦး သေဆုံးခဲ့သည်။

ထို့ပြင် သတင်းထောက် ကိုးဦးဒဏ်ရာရရှိကာ သုံးဦးပျောက်ဆုံးနေပြီး ၁၃ ဦးကို ဖမ်းဆီးထားကြောင်း သိရသည်။

အခြားသတင်းထောက်များ အသတ်ခံရခြင်း သို့မဟုတ် ထိန်းသိမ်းခံရခြင်းဆိုင်ရာ အတည်မပြုနိုင်သော အစီရင်ခံစာများစွာကိုလည်း သတင်းထောက်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ကမ္ဘောဒီးယားနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မဟာဗျူဟာ စတင်အကောင်အထည်ဖော် ဆောင်ရွက်

**ဖနောင်ပင် နိုဝင်ဘာ ၁၆**

ကမ္ဘောဒီးယားနိုင်ငံသည် ပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စိမ်းလန်းသောစီးပွားရေးကို မြှင့်တင်ရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၈ ခုနှစ်အထိ ငါးနှစ်သက်တမ်းရှိသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မဟာဗျူဟာကို နိုဝင်ဘာ ၁၅ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

## ကဏ္ဍကြီးသုံးခု

အဆိုပါ မဟာဗျူဟာ စတင်ဆောင်ရွက်သည့်အခမ်းအနားတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး Eang Sophalleth က အစိုးရ၏ Pentagonal Strategy နှင့်အညီ ယခုမဟာဗျူဟာကို ရေးဆွဲခဲ့ပြီး သန့်ရှင်းမှု၊ စိမ်းလန်းမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး စသည့်အဓိကဦးစားပေးကဏ္ဍကြီးသုံးခုကို ဆောင်ရွက်မည်ဟု ပြောကြားခဲ့သည်။

"သဘာဝပတ်ဝန်းကျင်ကဏ္ဍရဲ့ အလားအလာကို ကမ္ဘောဒီးယားနိုင်ငံသားမျိုးဆက်အားလုံးအတွက် ရရှိခံစားအကျိုးရှိစေမယ့်အပြင် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်တဲ့အနေနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စဉ်ဆက်မပြတ် အသုံးပြုမှုကို မြှင့်တင်ဖို့ မဟာဗျူဟာကို ရေးဆွဲထားပါတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

၂၀၅၀ ပြည့်နှစ်တွင် နိုင်ငံအတွင်း သန့်ရှင်းသည့် စိမ်းလန်းပြီး ရေရှည်တည်တံ့မည့် ကာဗွန်ကင်းစင်သည့် စီးပွားရေးဆီသို့ ဦးစားပေးလုပ်ဆောင်နေသည်ဟု ၎င်းက မှတ်ချက်ပြု ပြောကြားခဲ့သည်။

## မြှင့်တင်သွားမည်

ထို့ပြင် နိုင်ငံအတွင်း အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ သန့်ရှင်းသောစွမ်းအင်စနစ်၊ အစိမ်းရောင်သယ်ယူပို့ဆောင်ရေး၊ အမှိုက်စီမံခန့်ခွဲမှု၊ ပလတ်စတစ်နှင့် အန္တရာယ်ရှိသော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု၊ ရေဆိုးသန့်စင်ရေးနှင့် လေထုအရည်အသွေးစီမံခန့်ခွဲမှုတို့မှတစ်ဆင့် စိမ်းလန်းသောရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"နောက်ဆုံးပန်းတိုင်ကတော့ ၂၀၅၀ ပြည့်နှစ်မှာ ကမ္ဘောဒီးယားနိုင်ငံမှာ ကာဗွန်ကင်းစင်ပြီး သစ်တောဖုံးလွှမ်းမှု ၆၀ ရာခိုင်နှုန်းရှိတဲ့ Pentagonal Strategy ရဲ့ ရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ပါပဲ"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါ မဟာဗျူဟာအရ ကမ္ဘောဒီးယားနိုင်ငံသည် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သစ်တောများကိုတိုးချဲ့စိုက်ပျိုးပြီး တစ်နှစ်လျှင် အနည်းဆုံး ပျိုးပင်တစ်သန်းကို ပြည်သူများအား အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဆေးရုံများမှာ စစ်မြေပြင်မဟုတ်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ပြောကြား

**ဂျီနီဗာ နိုဝင်ဘာ ၁၆**

ဂါဇာရှိ Al-Shifa ဆေးရုံတွင် အစ္စရေးစစ်တပ်က စစ်ဆင်ရေးဆင်နွှဲခြင်းကို လက်မခံကြောင်းနှင့် "ဆေးရုံများမှာ စစ်မြေပြင်မဟုတ်ကြောင်း" ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြီးအကဲက ပြောကြားခဲ့သည်။

## မှတ်ချက်ပြုပြောကြား

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေအရ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ လူနာတင်ယာဉ်များနှင့် လူနာများအား စစ်ရေးအရ တိုက်ခိုက်ခြင်းမှ ကာကွယ်ရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂါဘရီယဲဆက်က ဂျီနီဗာ၌ မှတ်ချက်ပြုပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အဆိုပါဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများထံ နိုဝင်ဘာ ၁၅ ရက်မှစတင်၍ ဆက်သွယ်၍ မရခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။




ဂါဇာကမ်းမြောင်ဒေသရှိ ဆေးရုံ ၃၆ ရုံအနက် ၂၆ ရုံသည် အဆောက်အအုံများ ပျက်စီးခြင်း သို့မဟုတ် လောင်စာဆီများ ဆုံးရှုံးခြင်းကြောင့် ပိတ်ထားရပြီး စုစုပေါင်း ခုတင် ၃၅၀၀ မှ ၁၄၀၀ အထိ ကျဆင်းသွားကြောင်း WHO က မှတ်ချက်ပြုပြောကြားခဲ့သည်။

ဆေးဘက်ဆိုင်ရာ အဆောက်အအုံများကို တိုက်ခိုက်ခြင်းမှ ရပ်တန့်ရန် ပန်ကြားခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်နွှဲမှုများကို ယာယီရပ်တန့်ရန် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်

**ကုလသမဂ္ဂ နိုဝင်ဘာ ၁၆**

ဂါဇာကမ်းမြောင်ဒေသ၌ ဖြစ်ပွားလျက်ရှိသည့် စစ်ဆင်နွှဲမှုများကို လူသားချင်းစာနာထောက်ထားမှုအဖြစ် ယာယီရပ်တန့်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်တစ်ရပ်ကို ယမန်နေ့က ချမှတ်လိုက်ကြောင်း သိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မော်လ်တာနိုင်ငံမှ တင်သွင်းသည့် ဆုံးဖြတ်ချက်မူကြမ်းကို နိုဝင်ဘာ ၁၅ ရက်က အရေးပေါ်အစည်းအဝေးတွင် မဲခွဲဆုံးဖြတ်ခဲ့သည်။

အဆိုပါမူကြမ်းတွင် ဂါဇာကမ်းမြောင်ရှိ လူသားချင်းစာနာထောက်ထားမှုအခြေအနေ ပိုမိုဆိုးရွားလာခြင်းနှင့် အထူးသဖြင့် ကလေးများအပေါ် ၎င်း၏အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို အလေးပေးဖော်ပြထားသည်။

အရပ်သားများ အထူးသဖြင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာဥပဒေများကို လိုက်နာရန် အဆိုပါမူကြမ်းတွင် တောင်းဆိုထားသည်။ ကလေးငယ်များအတွက် ကယ်ဆယ်ရေးပစ္စည်းများရရှိရန်နှင့် တိုက်ပွဲများကို လူသားချင်းစာနာမှုအဖြစ် ယာယီရပ်ထားရန်လည်း တောင်းဆိုထားသည်။ လက်ရှိအချိန်အထိ ဂါဇာကမ်းမြောင်၌ စစ်ဆင်နွှဲမှုများကြောင့် ကလေး ၄၆၀၀ ကျော် သေဆုံးခဲ့ရသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီရပ်နားမှုများကို ပြုလုပ်ထားပြီးဖြစ်ကြောင်းနှင့် ဟားမတ်စ်အဖွဲ့က အရပ်သားများကို လူသားဒိုင်းအဖြစ် အသုံးပြုနေသည်ဟု အစ္စရေးတပ်မတော်က အခိုင်အမာပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်သည် ဂါဇာရှိ လူသားချင်းစာနာထောက်ထားမှုအခြေအနေများ ပိုမိုကောင်းမွန်လာစေရန် အထောက်အကူဖြစ်နိုင်မည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ဥပဒေအရအရေးယူနိုင်ရန် ဖမ်းဝရမ်းထုတ်ဆင့်ထားရှိသည့် တရားခံလေးဦးအနက် သုံးဦးကို ဖမ်းဆီးရမိ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လွှဲပြောင်း

နေပြည်တော် နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း Online လိမ်လည်မှုများ၊ လူကိုသွေးဆောင်ဖြားယောင်းမှုများ၊ လူပြန်ပေးမှုများ၊ တရားမဝင်ချုပ်နှောင်မှုများ၊ ခြောက်လှန့်တောင်းယူမှုများကို ဂိုဏ်းဖွဲ့ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်းများကို ကျူးလွန်နေသော Ming Xuechang(မြီရှောက်ချန်း)၊ Ming Guoping (မြီကော်ဖျင်း)(ခ)Ming Xiaoping (မြီရှောက်ဖျင်း)၊ Ming Julan (မြီကျွီလန်) နှင့် Ming Zhenzhen (မြီကျိန်းကျိန်း)တို့ကို ဥပဒေအရ အရေးယူရန်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးက ဖမ်းဝရမ်းထုတ်ဆင့်ထားကြောင်းကို သတင်းထုတ်ပြန် ထားရှိပြီး ဖြစ်သည်။

အဆိုပါ ဖမ်းဝရမ်းထုတ်ထားသူများအနက် Ming Xuechang(မြီရှောက်ချန်း)၊ Ming Guoping (မြီကော်ဖျင်း)(ခ)Ming Xiaoping (မြီရှောက်ဖျင်း)


Ming Xuechang (မြီရှောက်ချန်း)


Ming Guoping(မြီကော်ဖျင်း)(ခ) Ming Xiaoping (မြီရှောက်ဖျင်း)


Ming Zhenzhen (မြီကျိန်းကျိန်း)

နှင့် Ming Zhenzhen (မြီကျိန်းကျိန်း)တို့ကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အား ဖမ်းဆီးစဉ် Ming Xuechang(မြီရှောက်ချန်း) သည် ၎င်းတရားမဝင်ကိုင်ဆောင်ထားရှိသည့် ပစ္စတိုသေနတ်ဖြင့် မိမိကိုယ်ကို ပစ်ခတ်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူစဉ် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ အထက်ပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရအရေးယူနိုင်ရေးအတွက် ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ ရန်လုံကျိုင်း နယ်စပ်ဂိတ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရပြီး Ming Xuechang(မြီရှောက်ချန်း) ၏ ရုပ်အလောင်းအား တရုတ်နိုင်ငံဘက်သို့ ယူဆောင်သွားခြင်းမရှိဘဲ လိုအပ်သည်များ စစ်ဆေးအတည်ပြုမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း Online လိမ်လည်မှုများ၊ လူကို သွေးဆောင်ဖြားယောင်းမှုများ၊ လူပြန်ပေးမှုများ၊ တရားမဝင်ချုပ်နှောင်မှုများ၊ ခြောက်လှန့်တောင်းယူမှုများကို ဂိုဏ်းဖွဲ့ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်းများကို ကျူးလွန်ခြင်းများ ပပျောက်စေရေး၊ ပါဝင်ပတ်သက်မှုများ မရှိစေရေးတို့အတွက် သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေးအဖွဲ့များက စိစစ်ဖော်ထုတ် အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ ထို့ပြင် သက်ဆိုင်ရာ အိမ်နီးချင်းနိုင်ငံများနှင့်လည်း စဉ်ဆက်မပြတ် ဆက်သွယ်၍ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

## ပယ်ရင်ချန်(ဘ)ဦးပယ်စောက်ချိန်(ပန်ဆော့ချိန်)ကို ဥပဒေအရအရေးယူရန် ဖမ်းဝရမ်းထုတ်ဆင့်ခြင်း သတင်းသည် သတင်းအမှားသာဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၆

“ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း Online လိမ်လည်မှုများ၊ ယင်းအမှုများနှင့် ဆက်စပ်ကျူးလွန်သည့် လူကိုသွေးဆောင်ဆွဲခေါ်မှုများ၊ လူပြန်ပေးမှုများ၊ တရားမဝင် ချုပ်နှောင်မှုများ၊ ခြောက်လှန့်တောင်းယူမှုများကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်းများကို ကျူးလွန်နေသဖြင့် ပယ်ရင်ချန်(ဘ)ဦးပယ်စောက်ချိန်(ပန်ဆော့ချိန်)ကို ဥပဒေအရ အရေးယူရန်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးက ဖမ်းဝရမ်းထုတ်ဆင့်ထားသည်” ဟူသည့် သတင်းမှာ သတင်းမှားသာဖြစ်ကြောင်း သိရှိရပြီး တရုတ်နိုင်ငံမှလည်း ပယ်ရင်ချန်(ဘ)ဦးပယ်စောက်ချိန်(ပန်ဆော့ချိန်)ကို ဖမ်းဝရမ်းထုတ်ဆင့်ထားခြင်းမရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Thiri Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ် (၅၂) ရပ်ကွက်နေ သီရိဝင်းအား နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ “Nyein Nyein” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကုန်းတန်းကျေးရွာနေ ငြိမ်းဝေဠု(ခ)ကုလားအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ “အရှင် ဝဏ္ဏသာမိ” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ပြည်တော်သာရပ်ကွက်ရှိ တပ်ဦးဆုတောင်းပြည့် ဘုန်းကြီးကျောင်းနေ ဉူးဇင်းဝဏ္ဏသာမိ (ခ)အောင်ရွှေဦးအား ညနေ ၅ နာရီတွင်လည်းကောင်း၊ “Kaira Nge” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ငယ်ငယ်အောင်နှင့် “Hnin Ei Wai” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်နေ နှင်းအိဝေတို့အား ည ၇ နာရီ ၁၅ မိနစ် တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

❖ ကျောဖုံးမှ

မီနာမီနို၊ ယူအီဒါ၊ ဒိုအန်၊ တာနာကာ၊ ကာမာဒါ၊ နာကာယာမာတို့ဖြင့် ပွဲထွက်ခဲ့ပြီး ကူဘို၊ အန်ဒို စသည့်ကစားသမားအချို့ကို အသုံးပြုခြင်း မရှိခဲ့ပေ။ ဂျပန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး မြန်မာအသင်းကလည်း ခံစစ်အသားပေးကစားခဲ့သည်။ ၁၁ မိနစ်တွင် ယူအီဒါက အဖွင့်ဂိုးစတင်သွင်းယူပြီး ၂၈ မိနစ်တွင် ကာမာဒါက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ယူအီဒါက တစ်ဂိုးထပ်မံသွင်းယူသဖြင့် ပထမပိုင်းအပြီးတွင် သုံးဂိုးပြတ်ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း ဂျပန်အသင်းကသာ ပွဲကိုစိုးမိုးထားပြီး မိနစ် ၅၀ တွင် ယူအီဒါက ဟက်ထရစ်ရစေမည့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများအပြောင်းအလဲပြုလုပ်ခဲ့ပြီး ဂျပန်အသင်းအတွက် ပဉ္စမမြောက်ဂိုးကို ၈၆ မိနစ်တွင် ဒိုအန်က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် နိုဝင်ဘာ ၂၁ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

---

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

---

## ပင်လောင်းမြို့နယ်၌ ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်၌ ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီးတွင် ပင်လောင်းမှ တပ်ကုန်းဘက်သို့ အောင်မင်း မောင်းနှင်ပြီး အောင်ကိုကိုဦး လိုက်ပါလာသည့် Toyota Surf ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ နိုဝင်ဘာ ၁၀ ရက် နံနက် ၇ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ စိုင်းခုံးလှိုင်း(ခ)ကိုစိုင်းကို ကွန်ဟိန်းမြို့နယ် ကာလိမြို့ ရပ်ကွက်(၁)ရှိ ၎င်း၏ နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးကြိုးပမ်းလျက်ရှိသည့် စွန့်ဦးတီထွင်သူ ရွှေမိုးစက်မှုလုပ်ငန်းရှင်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် အဓိကအခန်းကဏ္ဍမှပါဝင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်လျက်ရှိရာ စီးပွားရေးလုပ်ငန်းများထဲမှ အဓိကကျပြီး အချိန်တိုတိုအတွင်း ထိရောက်အကျိုးဖြစ်ထွန်းသကဲ့သို့ ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းပေးပြီး နိုင်ငံခြားငွေ သုံးစွဲမှုလျှော့ချနိုင်သည့် စွန့်ဦးတီထွင်သူ ရွှေမိုးစက်မှုလက်မှုလုပ်ငန်းရှင်တစ်ဦးနှင့်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-



မေး ။ ။ လုပ်ငန်းရှင်ရဲ့အမည်လေး ပြောပြပေးပါဦး။

ဖြေ ။ ။ ကိုဝင်းထက်ဖြစ်ပါတယ်။

မေး ။ ။ ဒီလုပ်ငန်းကို ဘယ်အချိန်က စတင်လုပ်ကိုင်ခဲ့ပါသလဲ။

ဖြေ ။ ။ ၂၀၁၀ ပြည့်နှစ်ကပါ။ ဦးလေးဆီမှာ ပညာသင်ယူရင်းနဲ့ပါ။

မေး ။ ။ ဒီလုပ်ငန်းအတွက် ကုန်ကြမ်းက ဘယ်လိုရရှိပါသလဲ။

ဖြေ ။ ။ ကုန်ကြမ်းကတော့ ပြည်ပကနေ ဝယ်ယူပါတယ်။ ဆိုင်တွေကတစ်ဆင့် ပြန်ယူတယ်။ အချို့ပစ္စည်းတွေတော့ ကိုယ့်ဘာသာကိုယ် လုပ်ပါတယ်။

မေး ။ ။ ဒီလုပ်ငန်းမှာ ဘယ်လိုပစ္စည်းတွေ အများဆုံးအသုံးပြုပါသလဲ။

ဖြေ ။ ။ သံထည်၊ သံပြား၊ သံလုံးတွေ အဓိကထားအသုံးပြုပါတယ်။

မေး ။ ။ လုပ်ငန်းဆောင်ရွက်တဲ့အခါ ကြုံတွေ့ရတဲ့အခက်အခဲကို ပြောပါဦး။

ဖြေ ။ ။ အခက်အခဲကတော့ အဓိကလျှပ်စစ်မီး ပုံမှန်ရရှိဖို့လိုပါတယ်။ လျှပ်စစ်မီးရရှိမှု အပေါ်မူတည်ပြီးလုပ်ရတာမို့ လျှပ်စစ်မီးပုံမှန်ရရင် အဆင်ပြေပါတယ်။

မေး ။ ။ လုပ်ငန်းမှာ ပစ္စည်းအမျိုးအစားပေါင်း ဘယ်လောက်ထုတ်လုပ်ပါသလဲ။

ဖြေ ။ ။ ပစ္စည်းအမျိုးအစားကတော့ (၁၀)မျိုး ထုတ်လုပ်ပါတယ်။ ကျောက်ခွဲစက်၊ ဆန်ခါစင်၊ အမှုန့်ကြိတ်စက်ကတော့ နှစ်မျိုးကနေ သုံးမျိုးအထိ ထုတ်လုပ်ပါတယ်။ ကွန်ပရက်စာ၊ ကျန်တဲ့ဆက်စပ်ပစ္စည်းတွေအားလုံး ထုတ်လုပ်ပါတယ်။

မေး ။ ။ ဒီပစ္စည်းတွေကို ဘယ်ဒေသတွေဆီကို အများဆုံး ပို့ရပါသလဲ။

ဖြေ ။ ။ အဓိကကတော့ ကျောက်မိုင်းတွေရှိတဲ့ နေရာပါ။ အုန်းကျော၊ မတ္တရာတို့အပြင် ကျောက်တောင်ရှိတဲ့နေရာတွေ လမ်းခင်းတဲ့နေရာတွေ အဓိကထားပြီး ကျောက်ခွဲစက်တွေ ပို့ရပါတယ်။

မေး ။ ။ ပြည်ပကို ပို့ရတာရှိပါသလား။

ဖြေ ။ ။ အဲဒီလိုတော့ မရှိသေးပါဘူး။ ပြည်တွင်းမှာ ကြိုးစားနေဆဲဖြစ်ပါတယ်။

မေး ။ ။ ဒီလုပ်ငန်းက ပြည်ကြီးတံခွန်မြို့နယ်ရဲ့ ထုတ်ကုန်တစ်ခုလို့ ပြောလို့ရပါသလား။

ဖြေ ။ ။ အဲဒီလောက်အထိ မဖြစ်သေးပါဘူး။ လုပ်ငန်းက ကိုယ်တိုင်ဦးစီးတာ တစ်နှစ်နီးပါးပဲ ရှိပါသေးတယ်။

မေး ။ ။ လုပ်အားခချီးမြှင့်မှုနဲ့ ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ပါသလဲ။

ဖြေ ။ ။ လုပ်အားခနဲ့ပတ်သက်ပြီး တစ်သမတ်တည်း မရှိပါဘူး။ လုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်ပြီး ချီးမြှင့်ရပါတယ်။

မေး ။ ။ လုပ်သားအင်အား ဘယ်လောက်နဲ့ ဆောင်ရွက်ရပါသလဲ။

ဖြေ ။ ။ လောလောဆယ်မှာတော့ ငါးဦးနဲ့ ဆောင်ရွက်နေပါတယ်။

မေး ။ ။ ဒီလုပ်ငန်းမှာ လာရောက်လုပ်ကိုင်သူတွေက ပြည်ကြီးတံခွန်ဒေသခံတွေလား။

ဖြေ ။ ။ ဟုတ်ပါတယ်။ ဒီအနီးအနား ပတ်ဝန်းကျင်က သူတွေပါပဲ။

မေး ။ ။ ဒီလုပ်ငန်းဆောင်ရွက်ဖြစ်ပုံ ရည်ရွယ်ချက်လေး ပြောပြပါဦး။

ဖြေ ။ ။ အဓိကကတော့ ပြည်ပကနေ သွင်းနေရတဲ့ စက်ပစ္စည်းတွေအစား ကိုယ့်နိုင်ငံက ထုတ်တဲ့ပစ္စည်းတွေ ဈေးသက်သာစွာနဲ့ ဝယ်ယူသုံးစွဲနိုင်အောင် ထုတ်လုပ်ပေးတာပါ။ သွင်းကုန်အစားထိုးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။

မေး ။ ။ ဒီကနေ လုပ်ငန်းကျွမ်းကျင်ပြီး ခွဲထွက်တဲ့ လုပ်ငန်းရှိပါသလား။

ဖြေ ။ ။ အခု လောလောဆယ်မှာတော့ ကျွန်တော်တို့လုပ်ငန်းက တည်ထောင်ဆဲကာလမို့ လုပ်ငန်းခွဲ မရှိသေးပါဘူး။

မေး ။ ။ နောက်ဆုံး ဖြည့်စွက်ပြောပြချင်တာများရှိရင် ပြောပြပေးပါဦး။

ဖြေ ။ ။ အများအားဖြင့် ဒီပစ္စည်းတွေဟာ ပြည်ပက လာတာများပါတယ်။ ဈေးကြီးပေးဝယ်ရပါတယ်။ အခုလို ပြည်တွင်းကနေ ထုတ်လုပ်လိုက်တော့ ဈေးသက်သာစွာနဲ့ ဝယ်ယူသုံးစွဲလို့ရပါတယ်။ နိုင်ငံခြားငွေ သက်သာသွားတာပါ။ ကျွန်တော်တို့ထုတ်တဲ့ပစ္စည်းရဲ့ အရည်အသွေးဟာ ကောင်းမွန်ကြောင်းလည်း သုံးစွဲသူတွေဆီက ပြန်ကြားရပါတယ်။ ဒီထက် အရည်အသွေးကောင်းမွန်တဲ့ပစ္စည်းတွေ တိုးမြှင့်ထုတ်လုပ်သွားမှာပါလို့ ပြောလိုပါတယ်။ ။

**တွေ့ဆုံမေးမြန်း - မေကျော်**
**ဓာတ်ပုံ - ခင်စောလွင်**





## တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ၌ မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

တပ်ကုန်း နိုဝင်ဘာ ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှားတောကျေးရွာ၌ ကျေးလက်စီးပွားမြှင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေနှင့် တာဝန်ရှိသူများသည် ရှားတောကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် မြေပဲအစုအဖွဲ့သုံးဖွဲ့နှင့် ရွှေယင်းမာ ပဲအစုအဖွဲ့တို့မှ မြေပဲစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက RBF အသင်းသူ အသင်းသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရှားတောကျေးရွာတွင် အဆိုပါအစုအဖွဲ့စနစ်ဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ကျေးလက်စီးပွားမြှင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်းချေးငွေ ကျပ်သိန်း ၃၀၀၊ အသင်းဝင်များ၏ မတည်ငွေများဖြင့် အဆိုပါ ကျေးရွာရှိစိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများ အတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



JJJ

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# မုံရွာမြို့၌ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၃/၂၀၂၃) ဖွင့်ပွဲအခမ်းအနား ကျင်းပ




**မုံရွာ နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၃/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

**ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ခရိုင်/မြို့နယ်ရုံးများတွင် ကွန်ပျူတာအခြေခံသင်တန်းများအား မုံရွာမြို့ အပါအဝင် တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခြောက်ခရိုင်တွင် လစဉ်ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၈၆ ဦးအား သင်ကြားပေးနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း ရပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းဒေသကြီးအတွင်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ လူငယ်လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် ဘက်ပေါင်းစုံမှ စီစဉ်ဆောင်ရွက်လျက်ရှိပြီး အနာဂတ်တွင် နိုင်ငံတော်တာဝန်များအား ပခုံးပြောင်းထမ်းဆောင်ကြရမည့် လူငယ်လူရွယ်များအား အသိပညာ၊ အတတ်ပညာများ တိုးပွားရရှိအောင်၊ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ ဖွင့်လှစ်လိုက်သည့် ကွန်ပျူတာအခြေခံသင်တန်းတွင် တက်ရောက်ပညာသင်ယူကြမည့် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ရရှိသည့် အခွင့်အရေးအား မိမိရရအသုံးချကာ ကြိုးစားသင်ယူသွားကြရန်နှင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် လူငယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးထံ သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ၈၂၆၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက ကွန်ပျူတာအခြေခံသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွန်ပျူတာအခြေခံသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၃/၂၀၂၃) သင်တန်းများကို တိုင်းဒေသကြီးအတွင်းရှိ ကလေး၊ ကန့်ဘလူ၊ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုမြို့နယ်များရှိ လူထုအခြေပြုဗဟိုဌာနများတွင် တစ်ပြိုင်နက်ဖွင့်လှစ်ခဲ့ကြပြီး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၆၈ ဦး တက်ရောက်သွားမည်ဖြစ်ရာ သင်တန်းကာလ တစ်လအကြာ စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လူငယ်ရေးရာ

# မြို့နယ်အချို့၌ လူငယ်စကားဝိုင်း၊ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပ



**လှည်းကူး နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက လှည်းကူးအခြေခံပညာအထက်တန်းကျောင်း(ငါးဆူတောင်)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က လူငယ်များ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးမြှင့်တင်ပေးရန် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူအများရှေ့တွင် ရဲဝံ့စွာ စကားပြောဆိုတတ်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်း ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် ငါးဆူတောင်(အထက)မှ စက်မှုအထူးပြု ဆရာမ ဒေါ်ဖြိုးမြတ်ကြည်သန့်တို့က ညှိနှိုင်းရေးမှူးများအဖြစ် ဆောင်ရွက်၍ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က “လူငယ်နှင့်စာပေ”၊ “လူငယ်နှင့်ယဉ်ကျေးမှု”၊ “လူငယ်နှင့် နည်းပညာ”၊ “လူငယ်နှင့်ပညာရေး”၊ “လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း”၊ “လူငယ်နှင့်အားကစား” စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးခဲ့သော ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**လက်ပံတန်း နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက အထက (မကျီးကွင်း) ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းထွန်းက လူငယ်စကားဝိုင်းများ ကျင်းပခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းထွန်းနှင့် မြို့နယ်စာပေချစ်သူများအသင်းဥက္ကဋ္ဌ ဆရာမြင့်သိန်း(ရွှေတောင်-ချည်/ထည်/ချော) တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ကာ Grade-11 မှ မောင်ဂျွန်ကိုလင်းနှင့် မကောင်းမေသော်တို့က “လူငယ်နှင့် လူမှုကွန်ရက်မီဒီယာ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 မှ မောင်ကျော်ဇင်ဝင်းနှင့် မယွန်းဝတီမိုးတို့က “လူငယ်နှင့်စာပေ” ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး ကျောင်းအုပ်ဆရာမကြီး နော်အေးမိခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက မြင့်မိုရ်ရိပ်ကိုယ်ပိုင် အထက်တန်းကျောင်း၌ ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အခြေခံပညာကျောင်းများတွင် လူငယ်စကားဝိုင်းများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမိုးနှင့် အထက်တန်းပြဆရာမ ဒေါ်ခင်အေးမူတို့က ညှိနှိုင်းရေးမှူးများအဖြစ် ဆောင်ရွက်ပြီး Grade-11 မှ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က “လူငယ်နှင့်ယဉ်ကျေးမှု”၊ “လူငယ်နှင့်ပညာရေး”၊ “လူငယ်နှင့်စာပေ”၊ “လူငယ်နှင့်ကျန်းမာရေး”၊ “လူငယ်နှင့်နည်းပညာ”၊ “လူငယ်နှင့်အားကစား” စသည့်ခေါင်းစဉ်များဖြင့်ဆွေးနွေးကြပြီး ကျောင်းအုပ်ဆရာကြီး ဦးမောင်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**ဘီးလင်း နိုဝင်ဘာ ၁၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက ဗိုလ်တေဇအခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက လူငယ်နှင့်စာရိတ္တ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များ၊ စာဖတ်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ဘီးလင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဒေါ်သန်းသန်းရွှေက ကျောင်းသား ကျောင်းသူများ ကျောင်းသင်ခန်းစာအပြင် ကျန်းမာသန်စွမ်းသည့် လူငယ်လူရွယ်များ ဖြစ်စေရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစား ပြုလုပ်ခြင်း၏ အရေးပါပုံကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အားကောင်းသောမုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

**အားကောင်းသော မုန်တိုင်းငယ်အခြေအနေ**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်- အနောက်တောင်ဘက် ရေမိုင် ၃၃၅ မိုင်ခန့်၊ မောင်တောမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၂၀ ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင်၁၄၀ ခန့်၊ ဒီဂါမြို့၏တောင်-အနောက်တောင်ဘက် ရေမိုင် ၂၁၀ ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၂၈၀ ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။


**တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် ညနေ ၅နာရီခွဲတွင် မြောက်လတ္တီတွဒ် ၁၈ ဒသမ ၁ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၈၇ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တို ပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီ လျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့် ဖြစ်သည်။

**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျား နိုင်ပြီး နောက် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ အားကောင်းလာနိုင်ကာ နိုဝင်ဘာ ၁၈ ရက်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံကမ်းခြေကို မောင့်ဂလာမြို့နှင့် ခီပူပါရာမြို့တို့ကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**၁၆- ၁၁ -၂၀၂၂ ရက်နေ့ ညနေ ၅ နာရီခွဲတိုင်းထွာချက်အရ အားကောင်းသောမုန်တိုင်းငယ် လမ်းကြောင်းပြမြေပုံ**




**သတိပေးနှိုးဆော်ချက်**

အားကောင်းသော မုန်တိုင်းငယ်၏ အရှိန် ကြောင့် ယနေ့ညမှ နိုဝင်ဘာ ၁၈ ရက်အတွင်း နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ကယားပြည် နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီးအချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်ဟု ခန့်မှန်းရပါသည်။ သို့ဖြစ်ပါ၍ ယနေ့ညမှ နိုဝင်ဘာ ၁၈ ရက်အတွင်း ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းများ ကျရောက်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေးနှင့် ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# "ဘယ်သူမှန်လဲ အပြိုင်ကြဲ" အစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ **"ဘယ်သူမှန်လဲ အပြိုင်ကြဲ"** အစီအစဉ်သစ်ကို အပတ်စဉ်တနင်္ဂနွေနေ့ ညနေပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV –HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိရာ ယခုအပတ်တွင် "ချစ်သူရည်းစားများတာ ကောင်းတယ်"၊ "ချစ်သူရည်းစားများတာ မကောင်းဘူး" ခေါင်းစဉ်ဖြင့် တင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် တင်ဆက်သူ လူငယ်သရုပ်ဆောင် ထူးပြည့်အောင်နှင့်အတူ လူငယ်အမျိုးသားများ ဖြစ်ကြသည့် နေသူရနှင့် စောဒယ်နီရယ်တို့က တက်ရောက်လာကြသည့် လူငယ်များ၏ အားဖြည့်ဆွေးနွေးမှုများဖြင့် အပြန်အလှန် ဆွေးနွေးကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV –HD Channel မှ နိုဝင်ဘာ ၁၉ ရက် တနင်္ဂနွေနေ့ ညနေ ၆ နာရီသတင်းအပြီးတွင် ထုတ်လွှင့် သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၃ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီသတင်းအပြီးတွင် လည်း (Replay) ထပ်မံထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ၂၀၂၃ ခုနှစ် နိုဝင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ် ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းအရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "ဆန်းသစ်လာတော့မည့် လျှပ်စစ်ကား (EV) များ" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင် (နိုဝင်ဘာလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ K. M. A၊ ပါမောက္ခကိုကိုအောင်တို့၏ "ဆန်းသစ်လာတော့မည့် လျှပ်စစ်ကား (EV) များ" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မြသိန်း၊ ညီညီဖေ၊ မောင်ဒီပ(ပညာရေး)၊ ရဲထက်ဇော်၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ ညီမော်သိမ်း၊ ဇလွန်ကျော်ဦး၊ မောင်ခင်ညို (မန်းတက္ကသိုလ်) တို့၏ လူငယ်ရေးရာ ဆောင်းပါးများ၊ ကျော်နန္ဒအောင် (MPA)၊ မောင်ပေါ်ထွန်းတို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ လဲ့လဲ့ဝင်း (သတ္တဗေဒ) ၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါး၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)၏ စီးပွားရေးဆိုင်ရာ ဆောင်းပါး၊ ကိုကိုအောင် (အလုပ်သမား) ၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ ဒေါက်တာ မြင့်သန်း၊ ထက်ဝေအောင် (စစ်ကိုင်း)၊ ဒေါက်တာ လွင်သန့်တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး (ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ ခင်မောင်အေး၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင် ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာ ယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ် မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

နိုဝင်ဘာ ၁၈ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၅) အမှတ်(၄၆)တွင် လောဘကြီးခြင်းသည် မကောင်းမှု၏ မူလရင်းမြစ်တစ်ခုဖြစ်ကြောင်း ခွေးညိုကို ပမာပြု၍ တင်ဆက်ထားသည့် "လောဘကြီးတဲ့ခွေးညို" မျက်နှာဖုံးကာတွန်း၊ ရောင်းလိုအားအကြောင်း ဗဟုသုတဖြစ်ဖွယ် ဖတ်ရှုရမည့် "ကစ် ဒီနောမစ်-ရောင်းလိုအား" သုတဆောင်းပါးကဏ္ဍ၊ ရွှေသွေးတို့လက်ရာ ပန်းချီများ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း ကြော်ငြာကဏ္ဍ၊ လောဘစိတ်လွှမ်းကဲခြင်းကြောင့် မြစ်လယ်တွင် ရေထဲ နစ်မြုပ်သေဆုံးသွားသော ဦးလောဘအကြောင်း တင်ဆက်ထားသည့် "မလဲနိုင်ပါ" နှစ်မျက်နှာကာတွန်း၊ ဘုရားလောင်းနိဂြောဓသမင်မင်း၏ အလုံးစုံသော သတ္တဝါတို့ အပေါ်ထားရှိသည့် မေတ္တာ ကရုဏာကြီးမားမှုကြောင့် သတ္တဝါတို့၏ အသက်ကို ကယ်တင်ပေးနိုင်ခဲ့ပုံအကြောင်း တင်ဆက်ထားသည့် "ကြည်ညိုဖွယ် နိဂြောဓသမင်မင်း" ပုံပြင်ကဏ္ဍ၊ ဘဘကျော်သည် မင်္ဂလာဆောင်ပွဲသို့လည်း မသွား၊ မွေးနေ့ပွဲသို့လည်း မသွားဘဲ အိမ်တက်ပွဲသို့သွားရသည့် အကြောင်းရင်းကို ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ဘဘကျော်" တစ်မျက်နှာကာတွန်း၊ စကားပြောရာတွင် ယဉ်ကျေးချိုသာစွာ ပြောဆိုတတ်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်စည်သူ(အဖျောက်)၏ "စကားပြောရာ ယဉ်ကျေးပါ" ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ နှင့် အင်္ဂလိပ်စကားဝိုင်းကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေချွေတာရေး နည်းလမ်းများ

- ❖ **သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။**
- ❖ **သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။**
- ❖ **ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။**
- ❖ **ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင်(၄)လမ်း၊ တိုက်အမှတ် (၁၀၈)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ် (၅/င-၄၄)၊ ဧရိယာ (၀.၀၃၆၀)ဧကရှိ (၂)ခန်းတွဲ (၃½/၅)တိုက်၏ (အမွေဆိုင်တိုက်ခန်း)မှ အလျား ၁၂½ပေ x အနံ ၅၅ ပေ တတိယထပ်၊ အရှေ့အရပ်မျက်နှာမူ (ခြေရင်းခန်း) တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်ရပ်ရပ် အားလုံးတို့ကို လက်ရှိထား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးသွင် [၁၂/လမန(နိုင်) ၀၄၅၄၃၅] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်း တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်သိန်း LL.B, D.B.L, D.I.L**
**အထက်တန်းရှေ့နေ (စဉ်-၄၉၈၁၃/ ၁၈)**
**အမှတ်(၁၄၉)၊ သီရိမင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၀၂၉၇၆၂၃**

## အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ (၆) D တွင် နေထိုင်သော ဦးမျိုးဝင်းကျော် (ဘ) ဦးလောက်ဆန်း၏သား [၁၃/လရန(နိုင်) ၁၂၇၄၅၂]သည် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဝါဦးရပ်ကွက်၊ ဝါဦး (၃)လမ်း၊ အမှတ်- ၅၀ နေ ဒေါ်နော်စောအယ်ဖော (ဘ) ဦးစော အယ်ထူး၏သမီး [၃/ တတက(နိုင်)၀၀၁၉၈၆]နှင့် (၁၅-၁၁-၂၀၂၃)ရက် နေ့တွင် အသိသက်သေများရှေ့တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး၍ အကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲပြီး ဖြစ်ကြပါသည်။ ပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍လည်း နှစ်ဦးသဘောတူ ကြည်ဖြူစွာဖြင့် ခွဲဝေကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးမျိုး ဝင်းကျော်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို ဒေါ်နော်စောအယ်ဖောနှင့် သက်ဆိုင်မှုမရှိတော့ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၂၁)(၄-၁၀-၂၀၂၁)**
**အမှတ်-၆၅၅/က၊ပန်းခြံ(၁)လမ်း၊ ၈၂/၃၄/၁၀-ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။ 09-451272495, 09-769366517**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၃၀)၊ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ဒုတိယထပ်(၃လွှာ)(3B)၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၁.၆x၄၈)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ငွေငွေဝင်း [၁၂/လမန(နိုင်)၁၄၅၉၁၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်စုံဦး[၅/ ရဥန(နိုင်)၁၀၃၁၁၂]၊ ဦးပြည့်ဖြိုးအောင် [၅/ရဥန(နိုင်)၁၂၀၇၉၃]က အပြီးအပိုင်ဝယ် ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင် စာရွက်စာတမ်းမူရင်းများနှင့်အတူ တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက် (LL.B)** | **ဒေါ်ယုဇနကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## (၆-၁-၂၀၂၀)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ အချပ်ပို (ဇ) ရှိ ဒေါ်စိန်မြင့် နှင့် အများသိစေရန်ကြေညာခြင်းအား မှားယွင်းစွာ ကြေညာသည့်အတွက် ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုပြုံး[၁၂/ပဘတ(နိုင်)၀၀၇၁၀၆] ကိုင်ဆောင်သူသည် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁N၊ မြေကွက် အမှတ်(V၉၀)၊ (၂၅ပေx၅၀ပေ)၊ နှစ်(၉၀)မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ ၉၈-လမ်း၊ အမှတ်(၇) ဟုခေါ်တွင်သော မြေနှင့်အဆောက်အဦသည် ဦးစံဒွန်း (ကွယ်လွန်)နှင့် ဒေါ်မေခင်(ခ)ဒေါ်ဝါဝါ (ကွယ်လွန်)တို့၏ ကျန်ရစ်သော အမွေပစ္စည်းမဟုတ်ကြောင်းနှင့် ဒေါ်ချိုပြုံး၏ ခင်ပွန်း ဦးအုန်းမောင်(ကွယ်လွန်)က ဝယ်ယူပိုင်ဆိုင်ထားပြီး မိသားစုဝင်များ လက်ရှိနေထိုင်ခဲ့သည်မှာ နှစ်ပေါင်း(၃၈)နှစ်ကြာပြီးဖြစ်ကြောင်း (၆-၁-၂၀၂၀) ရက် နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာအချပ်ပို (ဇ)တွင် ကြေညာခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုပြုံးကြေညာသကဲ့သို့ အထက်ဖော်ပြပါမြေနှင့် အဆောက်အဦကို ဒေါ်ချိုပြုံး၏ ခင်ပွန်း ဦးအုန်းမောင်(ကွယ်လွန်)မှ ဝယ်ယူခဲ့ခြင်း မဟုတ်ပါ။ အထက်ဖော်ပြပါမြေနှင့် အဆောက်အဦမှာ ဦးစံဒွန်း(ကွယ်လွန်)နှင့် ဒေါ်မေခင် (ခ) ဒေါ်ဝါဝါ (ကွယ်လွန်) တို့၏ ကျန်ရစ် ခဲ့သော အမွေပစ္စည်းဖြစ်ပြီး၊ လက်ရှိအချိန်တွင် ဒေါ်စိန်မြင့် နှင့် ဦးခင်မောင် (ကွယ်လွန်)၏ သားသမီး (၁၁)ဦး ပိုင်ဖြစ်ပါသည်။ သို့ပါ၍ (၆-၁-၂၀၂၀)နေ့စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ အချပ်ပို (ဇ)ရှိ ဒေါ်စိန်မြင့်နှင့် အများသိစေရန်ကြေညာခြင်းအား မှားယွင်းစွာ ကြေညာမိသည့်အတွက် ခြွင်းချက်မရှိရုပ်သိမ်းပါကြောင်း အများသိစေရန်ကြေညာ ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက် ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူ ဒေသ(အုတ်တွင်းမြို့နယ်)၊ ပြည်ဒေသ(ပန်းတောင်းမြို့နယ်၊ ရွှေတောင်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်)၊ သာယာဝတီဒေသ(လက်ပံတန်းမြို့နယ်)များအတွင်း ကြိုးဝိုင်း/သစ်ကွက်များမှ လမ်းဖောက်ခြင်း၊ သစ်တင်ခြင်း၊ သစ်ချခြင်းနှင့် ကားတိုက်ခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံရောင်းချမည့်ရက်** | - | (၁၇-၁၁-၂၀၂၃) ရက်နေ့မှ (၂၉-၁၁-၂၀၂၃)ရက်နေ့ထိ |
| ၃။ | **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** | - | မြန်မာ့သစ်လုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့။ |
| ၄။ | **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** | - | ၃၀-၁၁-၂၀၂၃ ရက်(ဗုဒ္ဓဟူးနေ့) ၁၆:၀၀ နာရီ |

၅။ တင်ဒါစည်းကမ်းနှင့် အသေးစိတ် အချက်အလက်များ သိရှိလိုပါက မြန်မာ့သစ် လုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၏ ဖုန်း-၀၉ ၄၅၁ ၂၃၇ ၇၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ နှစ်ထပ် လုံးချင်း တိုက်အမှတ်(၁၆)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးလှ သိန်းဆွေ [၁၂/ဒဂန(နိုင်)၀၁၀၄၈၆]ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူ ထားသူ CB Bank PCL က ၎င်းဘဏ်အမည်ဖြင့် မြေငှားစာချုပ် ပြုလုပ်ပေးပါရန်ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက် အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆)အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ ၃လမ်း၊ အရှေ့၊ အမှတ်-၄၅၇(က)မြေညီထပ်၊ ထပ်ခိုးအပါ အလျား၁၅ပေ x အနံ၅၄ပေရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူ ဖြစ်သော ဒေါ်မြင့်မြင့်ဦး [၁၂/သကတ(နိုင်)၀၉၂၄၀၉]ထံမှ ကျွန်ုပ် ဦးကိုကိုအောင်[၆/ထဝန(နိုင်)၀၉၈၆၄၂]သည် အပြီးသတ်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင် လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးကိုကိုအောင်**
**Ph:09-43179552**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်း၊ မြေတိုင်း ရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၇၉၈/၇၉၉၊ ဧရိယာ(၃၄ x ၅၄)ပေ အကျယ်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်-၂၈၀၊ ၂ ခန်းတွဲ ၈½တိုက်၏ စတုတ္ထထပ် (၄ လွှာ/ယာ)၊ (၁၇ x ၅၄) ပေအကျယ်ရှိ မီနီကွန်ဒို တိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူပိုင်ဆိုင် လက်ရှိ ထားသူ **ဦးဇွဲရဲအောင် [၁၂/အစန(နိုင်)၂၂၈၀၃၃]**ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| **ဦးအောင်နိုင် (စဉ်-၇၂၈၃ )** | **ဒေါ်စုမြတ်နွယ် (စဉ်-၁၆၆၈၅)၊** |

**အမှတ်-၄၅၊ ပြည်လမ်း၊ တော်ဝင်စင်တာ၊ ဒုတိယထပ်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၅၀၃၉၈၄၃၄၊ ၀၉-၄၅၃၃၈၂၂၉၂**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ မြောင်းတကာကျေး ရွာ၊ အမှတ်(၁)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၅/က)ဟုခေါ်တွင်သော "ရွှေညီကို" ထမင်းဆိုင်ရှိရာ နေအိမ်နှင့် (၄၀'x၆၀')မြေမှာ ကျွန်ုပ် တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ချိုချိုလွင် [၁၂/မဘန(နိုင်)၁၀၇၇၀၆]နှင့် ဒေါ်နီနီလွင်[၁၂/မဘန(နိုင်)၁၀၇၇ ၀၇]အပါအဝင် ညီအစ်မ(၃)ဦး၏ "ရွှေညီကို" ထမင်းဆိုင်၏ဝင်ငွေဖြင့် ဝယ်ယူပိုင်ဆိုင် ထားရှိပြီးဖြစ်သည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်ချိုချိုလွင်၊ ဒေါ်နီနီလွင်တို့၏ သဘောတူခွင့်ပြုချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ အစရှိသည့် တစ်ဦးဦးသို့ တစ် နည်းနည်းနှင့် လွှဲပြောင်းပေးခြင်းမပြုပါရန် တားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ချိုချိုလွင်နှင့်ဒေါ်နီနီလွင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ရွှေလ(LL.B)** | **ဦးသီဟအောင်** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၁၇၆၀/၃၀-၉-၂၀၁၉)** | **(စဉ်-၁၇၉၁၀)(၃၁-၁-၂၀၂၂)** |
| **အမှတ်-၁၀၂၇/က၊ သီလလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **အမှတ်(၇၀၂/ခ)၊ ရုံးပေါင်းစုံလမ်း မြို့နယ်တရားရုံးရှေ့၊ မှော်ဘီမြို့၊** |
| **Ph: 09-942152513, 09-670688141** | **Ph:09-425015485** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဆ)၊ မြေကွက်အမှတ်-၃၉/ခ၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၃၉/ခ)၊ ခေမာသီလမ်းမကြီး၊(ဆ) ရပ်ကွက်၊ ဦးစိန်မောင်[၁၂/ဥကမ(နိုင်)၁၃၀၁၁၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးစိန်မောင်(ဖခင်)သည် (၁၃-၇-၂၀၁၃)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်အမာ(မိခင်)သည် (၁၁-၁၂-၂၀၁၂)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဦးမောင်မောင်ဦး[၁၂/ဥကမ(နိုင်)၁၀၈၆၆၃]၊ ဒေါ်သင်းသင်းခိုင်[၁၂/ဥကမ (နိုင်)၀၀၈၄၅၉]တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သားနှင့်သမီးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ အခြား ကိတ္တိမသားသမီးများလည်း မကျန်ရှိသည်မှာ မှန်ကန်ကြောင်း၊ ကျမ်းကျိန်လွှာအမှတ်-၁၀၄၀/ ၂၀၂၂/၂၁-၁၁-၂၀၂၂၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြေပုံမြို့နယ်၊ သရက်တောင်ရွာနေ မမေစိုးသက် [၁၁/မပတ(နိုင်)၀၆၃၁၄၁]၏ ဖခင် ဦးဘခိုင်နှင့်ဦးမောင်ပု[၁၂/တကန(နိုင်)၀၀၉၇၀၅]မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သမတကမ်းခြေကွက်နေ အဖ-ဦးမျိုးမြင့်[၁၂/ဒလန(နိုင်)၀၃၈၅၈၀]၏သမီး မမေမြန်မာမျိုးမြင့်အား မသွန်းသုသုသာဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသွန်းသုသုသာ**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မင်းနိုင် [၈/ဆမန(နိုင်)၀၇၀၈၆၃]၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-266950684**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာချက်

**ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ (၄၉)လမ်း၊ တိုက်အမှတ်(၁၀၃)တွင်ရှိသော(၇-လွှာ) ဧရိယာ(အလျား၃၀ပေ×အနံ၅၈ပေ)ရှိရေမီးစုံတိုက်ခန်းနှင့်၎င်း၏ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်း။**

အထက်ဖော်ပြပါတိုက်ခန်းကို ပိုင်ဆိုင်သူများဖြစ်သောဒေါ်နုနုဝင်း(၁၂/မဂတ (နိုင်) ၀၀၅၈၂၃)၊ ဦးဘခင်မောင်(၁၂/ပဇတ(နိုင်) ၀၀၃၅၃၁)၊ဦးဘသန့်ဇင်(၁၂/ပဇတ(နိုင်) ၀၀၃၅၃၂)တို့သည် မိမိတို့သာပိုင်ဆိုင်ကြောင်း၊ ရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အထွေး ကင်းကြောင်းဝန်ခံပြီး၊ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေး တန်ဘိုးငွေ၏အစိတ်အပိုင်းကို ရောင်းချသူများဖြစ်သောဒေါ်နုနုဝင်း၊ ဦးဘခင်မောင်၊ ဦးဘသန့်ဇင်(မြေရှင်)တို့ထံသို့ ပေးချေထားပါသည်။ ဤတိုက်ခန်းနှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထား မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစပြီး(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကို ပြီးဆုံးသည်ထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဒေါ်သင်းသင်းစု (LL.B)၊ ဒေါ်သဥ္ဇာအောင် (LL.B) | ဒေါ်မိမိလှိုင်(LL.B) |
| (စဉ် - ၄၈၉၂၈ ) (စဉ် - ၅၀၁၆၂ ) | တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၃၅၄) |
| ( အထက်တန်းရှေ့နေများ ) | တိုက်(၈)၊ အခန်း(၇)၊ တီရိစ္ဆာန်ဥယျာဉ်လမ်း၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။၀၉-၄၄၃၀၃၉၁၀၇၊၀၉-၅၁၁၂၀၅၁ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅) ရပ်ကွက်၊ ရန်အေးလမ်းသွယ်၊ Yankin Palm Village အိမ်ရာ၊ တိုက်(၁၅)၊ အခန်း(၃၁) အမည် ပေါက် ဒေါ်သန်းသန်း (ကွယ်လွန်) နှင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးမြင့်ဦး သည်လည်း ကွယ်လွန်ပြီးဖြစ်ပါ သဖြင့် အမွေဆက်ခံသူ သား/သမီး များဖြစ်သူ ဒေါ်မီမီဦး[၁၂/ရကန (နိုင်)၀၆၂၅၆၂]+၂ တို့ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်မိုမိုသိန်းတန် [၁၂/တမန(နိုင်) ၀၈၆၂၄၃] က တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါ ရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ အမှတ်(၁၁)ရပ်ကွက်၊ အကွက်အမှတ် (၁၉၅၊ လုပ်စာကွင်း)၊ ဦးပိုင်အမှတ်(၁၁၄-ဃ)၊ ဧရိယာ (၀.၀၉၈)ဧကရှိ မြေအား ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့၊ (၁၁)ရပ်ကွက်၊ မင်္ဂလာခြံဝန်းလမ်းနေ ဦးအေးမင်းထွန်း [၁၄/ဓနဖ(နိုင်) ၁၂၂၂၉၅]မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်၊ မေတ္တာဖြင့် အပြီးအပိုင်လွှဲပြောင်းပေးအပ်ခြင်းကတိစာချုပ်၊ မြို့နယ်တရားရုံး ကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့်စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

### ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက “ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/က) ရပ်ကွက်၊ မောင်းမကန် ကမ်းသာလမ်း၊ အမှတ်(၆) တည်ရှိရာ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈/က)၊ မြေကွက်အမှတ်(၆)၊ (အလျား ၄၀' x အနံ ၆၀')၊ ဧရိယာ(၀.၀၅၅) ဧကကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်”တို့ကို ပိုင်ဆိုင်သူ ဒေါ်အေးအေးမာမှ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၈၆၀၇/၂၀၁၄)ထံမှ ဝယ်ယူရန် မြေကွက်၏တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဇင်ဝေဝေမြင့် LL.B** | **ဒေါ်မြတ်သီတာလွင် LL.B, D.B.L, D.M.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၅၀၃၂/၄-၁၂-၂၀၁၈)** | **(စဉ်-၈၃၂၀/၁၃-၉-၂၀၁၂)** |

**အမှတ်-၅၆၃၊ ပထမထပ်၊ အခန်းအမှတ်-၁/၁၀၄၊ MAC တာဝါ၊**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်ဇင်ထက် [၁၂/လကန(နိုင်)၂၁၈၈၆၆] CDC-110060၏ Marine သင်တန်းကျောင်းလက်မှတ်များ BST,SSA,DSD,TF ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph:09-797523625**

### အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊တာမွေမြို့နယ်နေ ဦးလှတင်နှင့် ဒေါ်ခင်ခင်ကြိုင်တို့၏သားဖြစ်သူ မောင်ဟယ်ရီလင်း[၁၂/တမန(နိုင်)၁၂၈၉၁၄]သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို မနာခံဘဲအကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်၍ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို ပြုလုပ်ပြီး ၄-၁၁-၂၀၂၃ ရက်တွင် မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားသောကြောင့် သားအဖြစ်မှအပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးလှတင်-ဒေါ်ခင်ခင်ကြိုင်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# နေပြည်တော်
# (လျှောက်လွှာခေါ်ယူခြင်း)

၁။ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် Naypyitaw State Academy ၏ သင်ကြားရေးဌာနများရှိ အောက်ပါဘာသာရပ် များတွင် သင်ကြားရေးတာဝန်ပေးအပ်နိုင်ရန်အတွက် နည်းပြ၊ သရုပ်ပြ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ခန့်ထားမည်ဖြစ်ပါသဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသော လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အခမဲ့ရယူ၍ဖြစ်စေ၊ သတင်းစာပါပုံစံကို ကွန်ပျူတာစာစီ၍ဖြစ်စေ **(၁၅-၁၂-၂၀၂၃) ရက် (သောကြာနေ့)** နောက်ဆုံးထား၍ တင်သွင်းလျှောက်ထားနိုင်ကြပါသည် -

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်များ | လျှောက်ထားနိုင်သည့်ဘာသာရပ်ဌာနများ |
|---|---|---|
| ၁ | Naypyitaw State Academy | ၁။ အင်္ဂလိပ်စာ ၂။ ဥပဒေပညာ ၃။ ဘောဂဗေဒ ၄။ ဝါဏိဇ္ဇဗေဒ ၅။ စာရင်းအင်းပညာ ၆။ စီမံခန့်ခွဲမှုပညာ |
| ၂ | ရန်ကုန်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ ဥပဒေပညာ ၅။ အရှေ့တိုင်းပညာ ၆။ နိုင်ငံတကာဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံ |
| ၃ | မန္တလေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ ဥပဒေပညာ ၅။ အရှေ့တိုင်းပညာ ၆။ နိုင်ငံတကာဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံ ၇။ စီးပွားရေးပညာ |
| ၄ | ရန်ကုန်စီးပွားရေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဘောဂဗေဒ ၃။ အသုံးချဘောဂဗေဒ ၄။ ဝါဏိဇ္ဇဗေဒ ၅။ စာရင်းအင်းပညာ ၆။ စီမံခန့်ခွဲမှုပညာ ၇။ အသုံးချစာရင်းအင်းပညာ |
| ၅ | ရန်ကုန်ပညာရေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ စီးပွားရေးပညာ |
| ၆ | မော်လမြိုင်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ ၅။ အဏ္ဏဝါသိပ္ပံ ၆။ စီးပွားရေးပညာ |
| ၇ | ရန်ကုန်အဝေးသင်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ ၅။ စီးပွားရေးပညာ |
| ၈ | တောင်ကြီးတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၉ | စစ်ကိုင်းပညာရေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ စီးပွားရေးပညာ |
| ၁၀ | ဒဂုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ ၅။ နိုင်ငံတကာဆက်ဆံရေးပညာ ၆။ စီးပွားရေးပညာ |
| ၁၁ | မကွေးတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၁၂ | ပုသိမ်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ အဏ္ဏဝါသိပ္ပံ ၅။ စီးပွားရေးပညာ |
| ၁၃ | ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ နိုင်ငံတကာဆက်ဆံရေးပညာ |
| ၁၄ | စစ်တွေတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ အဏ္ဏဝါသိပ္ပံ ၅။ စီးပွားရေးပညာ |
| ၁၅ | မုံရွာတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ နိုင်ငံတကာဆက်ဆံရေးပညာ |
| ၁၆ | မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ နိုင်ငံတကာဆက်ဆံရေးပညာ |
| ၁၇ | မြစ်ကြီးနားတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၁၈ | မုံရွာစီးပွားရေးတက္ကသိုလ် | ၁။ ဘောဂဗေဒ ၂။ အသုံးချဘောဂဗေဒ ၃။ ဝါဏိဇ္ဇဗေဒ ၄။ စာရင်းအင်းပညာ ၅။ စီမံခန့်ခွဲမှုပညာ |
| ၁၉ | မန္တလေးအဝေးသင်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ ဥပဒေပညာ ၅။ အရှေ့တိုင်းပညာ ၆။ စီးပွားရေးပညာ |
| ၂၀ | တောင်ငူတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၂၁ | ပြည်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ ဥပဒေပညာ ၅။ အရှေ့တိုင်းပညာ ၆။ စီးပွားရေးပညာ |
| ၂၂ | ထားဝယ်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ ၅။ စီးပွားရေးပညာ |
| ၂၃ | ရတနာပုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ ၅။ နိုင်ငံတကာဆက်ဆံရေးပညာ ၆။ စီးပွားရေးပညာ |
| ၂၄ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ ၅။ နိုင်ငံတကာဆက်ဆံရေးပညာ |
| ၂၅ | မိတ္ထီလာတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ ၃။ စီးပွားရေးပညာ |
| ၂၆ | ပခုက္ကူတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ ၅။ စီးပွားရေးပညာ |
| ၂၇ | မိတ္ထီလာစီးပွားရေးတက္ကသိုလ် | ၁။ ဘောဂဗေဒ ၂။ အသုံးချဘောဂဗေဒ ၃။ ဝါဏိဇ္ဇဗေဒ ၄။ စာရင်းအင်းပညာ ၅။ စီမံခန့်ခွဲမှုပညာ |
| ၂၈ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ |
| ၂၉ | ကျောက်ဆည်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ ဥပဒေပညာ ၃။ အရှေ့တိုင်းပညာ |
| ၃၀ | ဟသ်ာတတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ ၅။ စီးပွားရေးပညာ |
| ၃၁ | ပင်လုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၂ | မအူပင်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ ဥပဒေပညာ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၃ | ဘားအံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၄ | ကလေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၅ | မြိတ်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ အဏ္ဏဝါသိပ္ပံ ၅။ စီးပွားရေးပညာ |
| ၃၆ | လှိုင်ကော်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၇ | လားရှိုးတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ ၃။ စီးပွားရေးပညာ |
| ၃၈ | ကျိုင်းတုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၉ | ဖန်းမော်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ ၃။ စီးပွားရေးပညာ |
| ၄၀ | ပဲခူးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ |
| ၄၁ | ရွှေဘိုတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၄၂ | စစ်ကိုင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ |
| ၄၃ | ရေနံချောင်းတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ |
| ၄၄ | မြင်းခြံတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ |
| ၄၅ | မိုးညှင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ |
| ၄၆ | အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် | ၁။ အင်္ဂလိပ်စာ ၂။ ဘောဂဗေဒ ၃။ စီမံခန့်ခွဲမှုနှင့်ဝါဏိဇ္ဇဗေဒ ၄။ ခရီးသွားလုပ်ငန်းပညာ |
| ၄၇ | တောင်ကုတ်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ |
| ၄၈ | မန္တလာတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ ခရီးသွားလုပ်ငန်းပညာ |
| ၄၉ | ဟားခါးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ |
| ၅၀ | ဟုမ္မလင်းဒီဂရီကောလိပ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ |

၂။ လျှောက်ထားသူသည် -

(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။

(ခ) ဘောဂဗေဒ/အသုံးချဘောဂဗေဒ ဘာသာရပ်ဌာနအတွက် ဘောဂဗေဒ/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ/ ဖွံ့ဖြိုးမှုပညာ ဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာမဟာဘွဲ့(MPA)/ ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS) ရရှိသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ် တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(ဂ) စာရင်းအင်းပညာ/အသုံးချစာရင်းအင်းပညာဘာသာရပ်ဌာနအတွက် စာရင်းအင်းပညာ/လူဦးရေပညာ ဘာသာရပ်တွင် မဟာအရည်အချင်းစစ် သင်တန်းတက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။ အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (MAS) ရရှိသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(ဃ) ဝါဏိဇ္ဇဗေဒ/စီမံခန့်ခွဲမှုပညာ/စီမံခန့်ခွဲမှုနှင့် ဝါဏိဇ္ဇဗေဒဘာသာရပ်ဌာနအတွက် ဝါဏိဇ္ဇဗေဒ/စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ/စာရင်းကိုင်ပညာ/စီးပွားရေးလုပ်ငန်းသုံးစီမံခန့်ခွဲမှုပညာ ဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့(MBA)/ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး ပညာမဟာဘွဲ့(MBF)/ဈေးကွက်စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MMM) ရရှိသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေး ဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(င) ခရီးသွားလုပ်ငန်းပညာဘာသာရပ်ဌာနအတွက် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာဘာသာရပ်/ BA (Tourism)/BA(Tourism Management) ဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။ ဧည့်ဝတ်နှင့် ခရီးသွားရေး စီမံခန့်ခွဲမှုမဟာဘွဲ့ (MHTM) ရရှိသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြုတက္ကသိုလ် တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေး ဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(စ) စီးပွားရေးပညာဘာသာရပ်ဌာနအတွက် အသိအမှတ်ပြုသည့် တက္ကသိုလ်တစ်ခုခုမှ စီးပွားရေးပညာအထူးပြု ဘာသာ ရပ်နှင့် ဘွဲ့ရရှိပြီး မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဆ) ကျန်ဘာသာရပ်ဌာနအားလုံးအတွက် မဟာတန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဇ) **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့**တွင် မဟာအရည်အချင်းစစ်သင်တန်းတက်ရန် အဆင့်မီသူများနှင့် မဟာတန်း တက်ရောက်ရန် အဆင့်မီသူများဖြစ်ပါက အသက်(၃၅) နှစ်ထက် မကျော်လွန်သူ၊ မဟာဘွဲ့ရရှိပြီးသူများနှင့် မဟာ သုတေသန ဘွဲ့ ရရှိပြီးသူများဖြစ်ပါက အသက်(၃၈)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ ရရှိပြီးသူဖြစ်ပါက အသက် (၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဈ) လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည် **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့**တွင် အသက် (၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ည) နည်းပြ/သရုပ်ပြရာထူး ခန့်ထားခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အလုပ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ (၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ကို သိရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိပါက လျော်ကြေးငွေ ၁,၀၀၀,၀၀၀/- (ကျပ်တစ်ဆယ်သိန်းတိတိ)အား ပေးလျော်ရမည်။

၃။ လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ **(၁၅-၁၂-၂၀၂၃) ရက် (သောကြာနေ့)** အရောက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောဖြင့်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်၍ ဖြစ်စေ တင်သွင်းလျှောက်ထား ရမည်။

၄။ လျှောက်လွှာနှင့်အတူ (၂)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ ဘွဲ့ ထောက်ခံစာ(မိတ္တူ)၊ နောက်ဆုံးနှစ်အမှတ်စာရင်း(မူရင်း)၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင် တန်းအောင် လက်မှတ်(မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ (၁)လ အတွင်း ထောက်ခံချက်(မူရင်း) တို့ကို ပူးတွဲတင်ပြရမည်။ (လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖော်ပြပါ အထောက် အထား(မူရင်း)များကို တစ်ပါတည်း ယူဆောင်လာရန်ဖြစ်သည်။)

၅။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုပြီး၊ အောင်မြင်လျှင် လူတွေ့စာမေးပွဲ ဖြေဆိုရမည်။

၆။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့စာမေးပွဲကိုသာ ဖြေဆိုရမည်။

၇။ ရေးဖြေစာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပြီး ဖြေဆိုရမည့် ခုံအမှတ်နှင့် နေရာကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည် -

| စဉ် | ရေးဖြေ ဖြေဆိုရမည့် ဘာသာရပ် | နေ့ရက်၊ အချိန် |
|---|---|---|
| (က) | မြန်မာစာ | ၂၀-၁-၂၀၂၄ နံနက် (၉)နာရီ မှ (၁၀)နာရီ |
| (ခ) | အင်္ဂလိပ်စာ | ၂၀-၁-၂၀၂၄ နံနက် (၁၀)နာရီ မှ (၁၁)နာရီ |
| (ဂ) | အထွေထွေဗဟုသုတ | ၂၀-၁-၂၀၂၄ နံနက် (၁၁)နာရီ မှ (၁၂)နာရီ |

၈။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ (၂၁-၁-၂၀၂၄) ရက်နေ့တွင် ကျင်းပမည် ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

သို့

ပါမောက္ခချုပ်/ကျောင်းအုပ်ကြီး

------------------------------ တက္ကသိုလ်/ဒီဂရီကောလိပ်

ဓာတ်ပုံ

ရက်စွဲ ၊ ------------------------------

**အကြောင်းအရာ။ နည်းပြ/ သရုပ်ပြ ရာထူးလျှောက်ထားခြင်း**

၁။ ------------------------------ တက္ကသိုလ်/ဒီဂရီကောလိပ်တွင် လစ်လပ်လျက်ရှိသော ------------------------------ ဘာသာရပ် နည်းပြ/သရုပ်ပြ ရာထူးသို့ လျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော်/ကျွန်မနှင့်ပတ်သက်သော အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(က) အမည် ------------------------------
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------
(ဂ) မွေးနေ့သက္ကရာဇ် ------------------------------
(ဃ) လူမျိုး ------------------------------
(င) ကိုးကွယ်သည့်ဘာသာ ------------------------------
(စ) လက်ရှိပညာအရည်အချင်းနှင့် ------------------------------
အောင်မြင်သည့်နှစ် ------------------------------
(ဆ) အဖအမည် ------------------------------
အမျိုးသားမှတ်ပုံတင်အမှတ် ------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------
အလုပ်အကိုင် ------------------------------
(ဇ) အမိအမည် ------------------------------
အမျိုးသားမှတ်ပုံတင်အမှတ် ------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------
အလုပ်အကိုင် ------------------------------
(ဈ) ဝန်ထမ်းဖြစ်လျှင် ------------------------------
အလုပ်အကိုင်နှင့် ဌာန ------------------------------
(ည) ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ ------------------------------
ဖုန်းနံပါတ် ------------------------------
(ဋ) အမြဲတမ်းလိပ်စာ အပြည့်အစုံ ------------------------------
ဖုန်းနံပါတ် ------------------------------

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းတို့ကို ပူးတွဲပေးပို့အပ်ပါသည် -

(က) လိုင်စင်အရွယ်ဓာတ်ပုံ (၂)ပုံ
(ခ) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာ (မိတ္တူ)
(ဂ) နောက်ဆုံးနှစ်အမှတ်စာရင်း/CGPA (မူရင်း)
(ဃ) အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် (မိတ္တူ)
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ (၁)လအတွင်း ထောက်ခံချက် (မူရင်း)
(စ) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်

လေးစားစွာဖြင့်

လက်မှတ် ၊ ------------------------------
အမည် ၊ ------------------------------

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၆ နှစ်**အောက်မငယ်ရ၊ **၁၉ နှစ် ၆ လ**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂-၁၀-၂၀၂၃** ရက်နေ့မှ စတင်၍ **၂၀-၁၂-၂၀၂၃** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်သန်း

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

## အသက်(၇၀)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၈ရပ်ကွက်နေ(ဦးအောင်ခင်-ဒေါ်ငွေကြည်)တို့၏သားကြီး၊ ဒေါ်သန်းသန်း၏ချစ်လှစွာသော ခင်ပွန်း၊ ဦးဝင်းထူး-ဒေါ်အေးမြဖြူ၊ ဦးအောင်ဖြိုးကို-ဒေါ်အေးမြသန္တာ၊ ဒေါ်အေးမြစန္ဒာ(UK)တို့၏ ချစ်လှစွာသော ဖခင်၊ မောင်ဝေယံမင်းသန့်၊မောင်အာကာကောင်းခန့်တို့၏ ချစ်လှစွာသော အဘိုးသည် ၁၆-၁၁-၂၀၂၃ ရက် ညနေ ၃:၃၀ နာရီတွင် ၇၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၂၃(စနေနေ့) မွန်းလွဲ ၂ နာရီအချိန်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်တင်အေးမြင့်(B.A)/(B.E.D)

**အ.ထ.က(၂)၊ လသာ(ငြိမ်း)**

## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်(၂၆)၊ (၈)လမ်း (B)နေ အငြိမ်းစားဆရာမကြီး ဒေါ်တင်အေးမြင့်သည် ၁၅-၁၁-၂၀၂၃ ရက် ညနေ ၃:၁၅ နာရီတွင် နေအိမ်၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၇-၁၁-၂၀၂၃ ရက် နံနက် ၉ နာရီတွင် ၈ လမ်း၊ (B) တိုက် (၂၆)နေအိမ်မှ ကျီစုသုသာန်သို့ ကားများ ထွက်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါသဖြင့် ညှိုးငယ်စွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်- ၀၀.၂၇၊ ဦးပိုင်အမှတ်- ၁-ဃ(ခဲစင်း)၊ ၆၆x၆၇ လမ်းကြား၊ ၁၄၂x၁၄၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်ဇင်သိန်း [၁၂/မရက(နိုင်)၀၀၁၉၂၁]၏ (SP ရရှိသူ ဦးဇော်မျိုးအောင်)က အမှုတွဲအမှတ်- ၅၅၀၇/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ ကုန်သည်လမ်း၊ မြေကွက်အမှတ်(မမ-၂၈၅) ဟုခေါ်တွင်သော အကျယ်အဝန်း အလျားxအနံ(၁၅ပေx၄၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အကျယ်အဝန်း အလျားxအနံ(၁၄ပေx၃၀ပေ)သွပ်မိုးသံ+အုတ်ညှပ်(၂)ထပ်အိမ်၊ ရေ၊ မီးအစုံ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းဝင်းငွေး[၁၂/လကန(နိုင်)၀၀၆၄၃၈]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ရာ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိဝေ**
**အထက်တန်းရှေ့နေ(စဉ်-၅၃၅၉၉)**
**အမှတ်(၃၃၃)၊ နဝရတ်ရေစင်(၁)လမ်း၊ ပြည်တော်သာစက်မှုရပ်ကွက်၊ လှည်းကူးမြို့နယ်။ Ph-09-261446441**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်း၊ အမှတ်(၄)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀) (က+ခ)၊ မြေကွက်အမှတ် (၃၅၇)ရှိ (၂)ခန်းတွဲ RC (၆)ထပ်တိုက်မှ ပဉ္စမထပ် (၆-လွှာ)၊ မျက်နှာမူလျင်(ဝဲဘက်)အခန်း၊ ဧရိယာ (၅၅၂)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်လှငွေး [၁၂/လမန(နိုင်)၀၁၆၉၂၄] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ် မြို့သန္တာကျော် [၉/မတရ(နိုင်)၁၆၀၄၅၅] က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြို့သန္တာကျော် ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)** |
| **ဖုန်း-၀၉ ၅၄၀၁၉၄၀** | **ဖုန်း-၀၉၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## ဒေါ်တင်တင်လှိုင်

**(ခနုဖြူ)**

## အသက်(၈၅) နှစ်

ရန်ကုန်မြို့နေ (ဦးကျော်ဇော-ဒေါ်ကျင်မေ)တို့၏ သမီး၊ ဇလွန်မြို့နေ (ဦးအောင်သန်း-ဒေါ်အုံးမြ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ (၃၉)လမ်း၊ အမှတ်(၂၁၀)နေ (ဦးညွန့်ရီ)၏ ဇနီး၊ (ဦးသိန်းထွဋ်)၊ ဒေါ်ခင်မျိုးမြင့်၊ ဒေါ်ခင်စိုးလင်းတို့၏ အစ်မ၊ ဦးစန်းယု-ဒေါ်စောယုမေ၊ ဦးအောင်နိုင်ဦး-ဒေါ်ကျင်အေးတို့၏ မိခင်၊ မစောရတနာဦး၊ မောင်ပြည့်ဖြိုးအောင်၊ မောင်ဝေဖြိုးအောင်တို့၏အဘွား ဒေါ်တင်တင်လှိုင်သည် ၁၅-၁၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့) ညနေ ၅:၂၀ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၆-၁၁-၂၀၂၃ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၂၃ ရက်တွင် ရက်လည်တရားနာ ဆွမ်းကျွေးပြုလုပ်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## “အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၀၄၊ မြေကွက်အမှတ်- ၄၅၁/ခ၊ အကျယ်အဝန်း အလျား ၂၀ပေx အနံ ၆၀ပေရှိ ဦးရှိန်ဝင်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၄၅၁/ခ၊ ရွှေဟင်္သာ (၉)လမ်း၊ (၁၀၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ် ယူလက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးလေးမြင့်ကျော် [၁၂/သကတ(နိုင်)၀၃၆၇၇၀]နှင့် ဒေါ်အေးအေးမာ [၁၂/ဒလန(နိုင်)၀၁၀၅၄၇] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမင်းထိုက် (စဉ်-၄၀၃၂၇) အထက်တန်းရှေ့နေ**
**အမှတ်- ၉/၁၁၊ အခန်းအမှတ်- ၁၀၂/ဘီ (ပထမထပ်)၊ ၃၆ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-420177685**

---

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ ၁၁)**
**မင်္ဂလာဒုံခရိုင် တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၂၃**

**ဒေါ်တင်တင်လှိုင်** — **လျှောက်သူ**

မောင်နေဝင်းထွန်း အမှတ်- ၂၈၊ အဝေရာ (၂)လမ်း၊ တိလောကရုံရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရန်ကုန်တိုင်းဒေသကြီးရပ်နေ အရွယ်မရောက်သေးသူ နှင့် ၎င်းပိုင်သောပစ္စည်းအကြောင်း အမှတ်- ၂၈၊ အဝေရာ (၂)လမ်း၊ တိလောကရုံရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ ရပ်နေ လျှောက်ထားသူ ဒေါ်တင်တင်လှိုင်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်နေဝင်းထွန်းဖြစ်သည်ဟူ၍ ၎င်းသူ၏ ကိုယ်နှင့်ပစ္စည်းကို ဒေါ်တင်တင်လှိုင် အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့် အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်၊ (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်)နေ့တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးအေးသိန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**မင်္ဂလာဒုံခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ အရှေ့ဝါယာလက် (၂) လမ်းရှိ တိုက်အမှတ်- ၂၇၇၊ GRAND WIRELESS CONDOMINIUM မှ အခန်းအမှတ်- ၇၀၃ (၇ လွှာ)၊ ဧရိယာ (၁၅၆၂)စတုရန်းပေ ကျယ်ဝန်းသော ကွန်ဒိုတိုက်ခန်းမှာ မြေရှင် [အောင်တံခွန်အထွေထွေဝန်ဆောင်မှုလုပ်ငန်းနှင့် ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်]နှင့် (၂၆-၄-၂၀၁၄ )၊ (၁၀-၅-၂၀၁၅ )ရက်နေ့များတွင် ချုပ်ဆိုသော မြေရှင်/ကန်ထရိုက်စာချုပ်များအရ ကန်ထရိုက်တာ [ ကြယ်စင် ဆောက်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်] က ရရှိသည့်ကွန်ဒိုတိုက်ခန်း ဖြစ်၍ ကန်ထရိုက်တာ ကြယ်စင် သမဝါယမအသင်း၏ ဥက္ကဋ္ဌ ဖြစ်ပြီး ၊ MMM ဆောက်လုပ်ရေးကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးသက်နိုင်ဦး [၁၂/တမန(နိုင်)၀၀၃၉၆၆]ထံမှ ဦးကျော်သူရ [၈/ရနခ(နိုင်) ၀၇၄၉၁၂]နှင့် ဒေါ်မြမြသွေး [၁၃/နမတ(နိုင်)၀၂၇၃၇၀]တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်လဲ့ယဉ်လင်း (LL.B)** | **ဒေါ်မြင့်မြင့်ကြည် ( LL.B )** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၂၇၇၉/၂၇-၄-၂၀၂၀)** | **(စဉ်-၆၁၁၈/၃၀-၁၁-၉၄)** |
| **ဖုန်း- 09-952643065** | **ဖုန်း- ၀၉-၅၄၀၁၂၅၀** |
| **ရုံး- အမှတ်- ၆၂၊ အခန်း (၉)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** | **အိမ်-အမှတ်-၂၁၀၊အောင်သပြေလမ်း၊ (၂ )ရပ်ကွက်၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။** |

---

## ဒေါ်သန်းတင့်

**ရွာလွတ်ရွာ၊ ဘီးလူးကျွန်း**

## အသက် (၇၉)နှစ်

အမှတ်(၁၂၄/အေ)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အမှတ် (၂၀၅)၊ ဆိပ်ကမ်းသာလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ [ဦးရွှေဝမ်(မြိတ်)-ဒေါ်ခင်တင့်(ရွာလွတ်)]တို့၏ သမီးကြီး၊ ဒေါ်မာလာဝင်း-ဦးစန်မင်း၊ ဦးနေဝင်း-ဒေါ်ကျင်ထွေး၊ ဦးရွှေဝင်း-ဒေါ်မျိုးမျိုးနွယ်ထွန်း (ခေတ္တ-Bangkok)၊ ဒေါ်နီလာဝင်း-ဦးဝင်းနိုင်၊ ဒေါ်ညိုညိုဝင်း-ဦးစိုးမိုးခိုင်၊ ဒေါ်မေဝင်း(ခ)မိငယ်-ဦးပေါလ်၊ ဦးဝင်းကိုကို-နော်စီစီဖော(ခေတ္တ-Japan)၊ ဦးဝင်းညီညီ-ဒေါ်သီတာဝင်းတို့၏ အစ်မကြီး၊ မောင်ကျော်ထက်ဦး-မအိမ့်သီရိ၊ မောင်ဝင်းမြတ်ဦး၊ မောင်ကျော်သက်ဦး-မဝင့်မွန်၊ မောင်မြတ်ကောင်းမင်း-မရွှန်းလက်မင်း၊ မောင်ကျော်ရန်ရှင်း၊ မဆုမြတ်အောင်၊ မောင်ဝင်းပိုင်ကိုကို၊ မောင်မင်းပြည့်မှူး၊ မောင်ထက်နေမင်းဟိန်း၊ မောင်သော်ထက်ဟိန်း၊ မသီရိမေသူ၊ မရွှေရည်နွယ်ဦး၊ မချစ်စုရည်ဝင်း၊ မသိမ့်သူအောင်၊ မဆုလာဒ်ညီညီ၊ မောင်ထက်တေဇဝင်း၊ မရည်မွန်သိမ့်၊ မောင်ဖုန်းမြတ်မင်း တို့၏ကြီးကြီး၊ မြေးမ-မခင်မုဒြာဦးတို့၏အဘွား ဒေါ်သန်းတင့်သည် (၁၃၈၅-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်) ၁၄-၁၁-၂၀၂၃ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၈-၁၁-၂၀၂၃ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၁-၂၀၂၃ ရက်တွင် အမှတ် (၁၂၄/အေ)၊ သံလွင်လမ်း၊ ဗဟန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၂ ရပ်ကွက်၊ အကွက်အမှတ် ဆ-၆၊ ဦးပိုင်အမှတ် ၄+၉ အတွင်းမှ ခဲစင်းပြ(၄)ခဲစင်း၊ ၆၉-A လမ်း၊ ၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းသန်းဝင်း [၁၃/နခတ(နိုင်)၀၁၆၆၆၅]က အမှုတွဲအမှတ်- ၅၅၂၈ / ၂၀၂၃ - ၂၀၂၄ ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ကက-၅)၊ ဦးပိုင်အမှတ် (၃၁)၊ ၅၅x၅၆ လမ်းကြား၊ သိပ္ပံလမ်းနှင့် A လမ်းကြားရှိ ဦးညဏ်ထွန်း အမည်ပေါက် တောဂရန်မြေကွက်အား ဒေါက်တာ ဦးညဏ်ထွန်း (ဇနီး) ဒေါ်သင်းသင်းမော်တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၃၇၄/၁၉၉၆)ဖြင့် ဦးဗိုလ်ဗိုလ်ဝင်း (သမီး) မပွင့်မြတ်ဗိုလ် (၎င်း၏ကိုယ်စား မိခင် ဒေါ်ခင်မာမာ)တို့က ဝယ်ယူခဲ့ပြီး၊ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၂၆၅၅/၁၉၉၆)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးဗိုလ်ဗိုလ်ဝင်း၊ ဒေါ်ခင်မာမာတို့၏ (GP ရသူဒေါ်ခင်သိန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးသန်းလွင် [၃/ဘအန(နိုင်)၀၁၀၁၆၄]၏ (GP ရသူ ဦးမြသွေး)က တောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ်- ၅၅၃၃/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/ သက်တမ်းတိုး / အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ် ဘဝသစ်**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ မင်္ဂလာလမ်းရှိ အကျယ်အဝန်း (၅၀ ပေ x၂၄ ပေ) ရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်အမှတ် (၅၆၈/အေ) ဟုခေါ်တွင်သော (၂)ထပ်ခွဲ တိုက်အိမ်တစ်လုံးအပါအဝင် ယင်းတိုက်၌ စွဲကပ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၄-၂-၂၀၁၉) ရက်နေ့စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်အရ တရားဝင်ဝယ်ယူပိုင်ဆိုင်လျက်ရှိသူ ဒေါ်ဇင်မာဝင်း (ဘ)ဦးဆန်းညွန့်ဝင်း [၁၂/အစန(နိုင်)၁၈၁၄၉၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက (၁၅-၁၁-၂၀၂၃)ရက်နေ့စွဲပါ အိမ်ခြံမြေအရောင်းအဝယ် စရန်ငွေပေးကတိပြုစာချုပ်အရချုပ်ဆို၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိတိုက်ခံအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ရောင်းဝယ်မှုနှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်ခွင့်ရှိကြောင်း အဆိုပြုသူများရှိခဲ့ပါက မိမိတို့ပိုင်ဆိုင်လျက်ရှိသော တရားဝင်စာချုပ်စာတမ်းများပြသ၍ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ယင်းအိမ်ခြံမြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**U AYE HAN**
**[B.A(Law),LL.B,D.B.L,D.M.L.,D.I.L]**
**Advocate (4546/88)**
**No.(266/B), Myothit (8)Street, Myothit Ward,**
**Insein Township, Yangon. Ph: 09-5153293**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ် ၊ (ဇ/တောင်ရပ်ကွက်)၊ သာခုအိမ်ရာ၊ တိုက်(၄)၊ အခန်း(၄၀၁) အမည်ပေါက် ဦးကံထွန်း [၁၂/သဃက(နိုင်)၀၀၈၆၃၉]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်မေသူကျော် [၁၂/သဃက(နိုင်)၁၆၅၁၉၉]က တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ လူနေရပ်ကွက်အမှတ်(၅/၄)ရပ်ကွက်၊ အင်ကြင်း(၄)လမ်း၊ အမှတ်(၂၄၃/က)ရှိ အလျား(၂၀)ပေxအနံ(၆၀)ပေရှိ ဦးငြိမ်းအောင် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးထက်မြတ်အောင်(ခ)ဦးထူးကိုကိုအောင်[၁၂/မဂတ(နိုင်)၀၉၃၁၀၀]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာဝင်း [၇/ဝမန(နိုင်)၁၄၈၃၄၅]မှ စရန်ငွေပေးပြီးဖြစ်ပါသည်။ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဆွေဝင်း(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၉၂)**
**အမှတ်-၁၃၂၈၊ ကုန်းဘောင်လမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၉၉၀၂၉**

---

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(၁၆/၁၉၈)၊ ဧရိယာ(၀. ၁၁၁)ဧကအကျယ်ရှိမြေ ဂရန်အမှုတွဲအမှတ်-RPNO-၈၃/V/ ၂၀၀၃-၂၀၀၄ အရ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးအောင်ကျော်သိန်း၊ ဒေါ်စန်းစန်းအေး အမည်ဖြင့် ချထားပေးသော ဂရန်မြေကွက်ဖြစ်ပါသည်။ ဂရန်အမည်ပေါက်ပိုင်ရှင် ဦးအောင်ကျော်သိန်းနှင့် ဒေါ်စန်းစန်းအေးတို့မှာ တရားဝင်အကြင်လင်မယားများ ဖြစ်ကြပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက်သူ ဦးအောင်ကျော်သိန်းသည် (၂၆-၄- ၂၀၁၉) ရက်နေ့က ကွယ်လွန်သွားခဲ့ရာ အထက်ပါဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ဇနီးဖြစ်သူ ဒေါ်စန်းစန်းအေးတစ်ဦးတည်းမှ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်လာပြီး အဆိုပါ ဂရန်မြေကွက်အား ဒေါ်စန်းစန်းအေးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်ချုပ်ဆိုမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ ဂရန်မူရင်း၊ စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မည်သည့်ကိစ္စမဆို လူသာလျှင် အရေးအကြီးဆုံးဖြစ်ပါတယ်။ လူသာလျှင် ပဓာနဖြစ်ပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စတဲ့ကိစ္စရပ်တွေအားလုံးမှာ လူပါဝင်ဆောင်ရွက်ရတာဖြစ်ပါတယ်။ လူရဲ့ဦးဆောင်မှု၊ လူရဲ့လိုက်နာဆောင်ရွက်မှု၊ လူရဲ့ပြုပြင်ဖန်တီးမှုတို့ဟာ အဓိကကျပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)


## ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအသင်း အရေးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၁၆**

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲအုပ်စု (B) ပထမနေ့အဖြစ် ဂျပန်လက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ နိုဝင်ဘာ ၁၆ ရက်က ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ယှဉ်ပြိုင်ကစားရာ ဂျပန်အသင်းက ငါးဂိုးပြတ်အနိုင်ရခဲ့သည်။

အာရှထိပ်သီး ဂျပန်အသင်းသည် မြန်မာအသင်းကို ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် နောက်ဆုံးတွေ့ဆုံရာတွင် ဂျပန်အသင်းကို ၁၀ ဂိုးအထိ ပေးခဲ့ရသဖြင့် ယခုပွဲတွင် ပေးဂိုးနည်းစေရန် အဓိကကြိုးပမ်းခဲ့ပြီး ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသာ ပေးခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ခံစစ်အသားပေးသည့် လူစာရင်းဖြင့် ပွဲထွက်ခဲ့ပြီး ကျော်ဇင်ဖြိုး(ဂိုး)၊ ဟိန်းဖြိုးဝင်း၊ ကျော်မင်းဦး၊ နေမိုးနိုင်၊ ဖွဲ့ခန့်မင်း၊ ဝေလင်းအောင်၊ ဟိန်းဇေယျာလင်း၊ သက်ဟိန်းစိုး၊ ဆွမ်လမန်၊ မောင်မောင်လွင်၊ ဟိန်းထက်အောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ဂျပန်အသင်းတွင်မူ အမာခံကစားသမားအချို့မပါဝင်ဘဲ **စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❖**



ဂျပန်လက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့ ဖတ်စရာ**

**ဥပဒေအရ အရေးယူနိုင်ရန် ဖမ်းဝရမ်း ထုတ်ဆင့်ထားရှိသည့် တရားခံလေးဦးအနက် သုံးဦးကို ဖမ်းဆီးရမိ၊ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လွှဲပြောင်း**

စာမျက်နှာ » ၁၄

**ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ကြိုးပမ်းလျက်ရှိသည့် စွန့်ဦးတီထွင်သူ ရွှေမိုးစက်မှုလုပ်ငန်းရှင်**



တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၅



ရိုးမအသင်းနှင့် YRG အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MFF Futsal Championship 2023 ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၆**

MFF Futsal Championship 2023 ပြိုင်ပွဲ အုပ်စုပထမနေ့ကို နိုဝင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ စတင်ကျင်းပရာ လက်ရှိချန်ပီယံ VUC အသင်း နိုင်ပွဲရရှိခဲ့သည်။

ပထမနေ့တွင် လက်ရှိချန်ပီယံ VUC အသင်းက Noka အသင်းကို ၁၀ ဂိုး-နှစ်ဂိုး၊ မလိကြယ်စင်အသင်းက Black Cross အသင်းကို ရှစ်ဂိုး-လေးဂိုး၊ SGF အသင်းက ရွှေပြည်သာအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ YRG အသင်းက ရိုးမအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး M2K အသင်းနှင့် Sun Far အသင်းတို့ လေးဂိုးစီသရေ၊ ဖူဆယ်ချစ်သူအသင်းနှင့် TG United အသင်းတို့ သုံးဂိုးစီ သရေကျခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

အုပ်စုဒုတိယနေ့ကို နိုဝင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ဝဲသုန္ဒရအသင်းနှင့် UPK အသင်း၊ DT Legends အသင်းနှင့် KKY အသင်း၊ Red Eagle အသင်းနှင့် ပြည့်စုံ အသင်း၊ M-Million အသင်းနှင့် Seven အသင်း၊ Noka အသင်းနှင့် M2K အသင်း၊ Sun Far အသင်းနှင့် VUC အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

### ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၁၆

| | | |
|---|---|---|
| ဟားခါး | ၇ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၁၁ | ဒီဂရီစင်တီဂရိတ် |
| မချမ်းဘော | ၁၂ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၁၂ | ဒီဂရီစင်တီဂရိတ် |